The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ အင်္ဂါနေ့ (19-3-2013) (၇၄၂၉)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခံရသည့် မစ္စတာ ဂျောင်ဟုန်ဝန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်က ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၁၈

ဩစတြေးလျမဓနသဟာယနိုင်ငံ ကင်ဘာရာမြို့တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်ဘရိုက်စ် အေစီ စီဗီအိုက မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကင်ဘာရာမြို့တော်ရှိ အစိုးရအိမ်တော်၌ ဂုဏ်ပြုကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ရောက်ရှိလာရာ ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်ဘရိုက်စ် အေစီ စီဗီအိုက ရင်းနှီးခင်မင်စွာ ကြိုဆိုသည်။

ယင်းနောက်နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား အပြန်အလှန်မိတ်ဆက်ပေးပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီးနောက် နိုင်ငံတော်သမ္မတသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် အစိုးရအိမ်တော် သီးသန့်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။**(ဓါတ်ပုံ)**

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာမြအေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်၊ ဒေါက်တာကိုကိုဦးနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး ဩစတြေးလျမဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အမျိုးသမီးအခွင့်အရေး၊ ကလေးငယ်များ ကူညီစောင့်ရှောက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

ယနေ့ မာတိကာ

ဥပဒေကို လေးစားလိုက်နာ
စာမျက်နှာ ➡ ၂

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လိုက်နာစောင့်ထိန်းသွားရမည့် စာပေနှင့် ယဉ်ကျေးမှု
စာမျက်နှာ ➡ ၆

ဒါဖတ်ပြီးမှ - - - မကွေးမှာ ထမင်းစားပါ
စာမျက်နှာ ➡ ၁၀

လှည်းတန်းခုံးကျော်တံတားနှင့် လှည်းတန်းစင်တာ တည်ဆောက်ပြီးစီးမှု

ယာဉ်သွားယာဉ်လာထူထပ်များပြားမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်နေသည့် ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်ရှိ လှည်းတန်းခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုနှင့် လှည်းတန်းစင်တာ တည်ဆောက်ပြီးစီးမှုတို့ကို မတ် ၁၈ ရက်က တွေ့ရစဉ်။

(၇၇၉)

ကြေးမုံ စာ တည်း ရှု ထောင့် **၁၉-၃-၂၀၁၃ (အင်္ဂါနေ့)**

ဥပဒေကို လေးစားလိုက်နာ

ဥပဒေဆိုသည်မှာ လူတိုင်းလိုက်နာရန် ပြဋ္ဌာန်းထားသော စည်းကမ်း သတ်မှတ်ချက်များဖြစ်သည်။ မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားပြီး ဥပဒေများ ရှိသကဲ့သို့ ပြန်လည်ပြင်ဆင်ထားသော ဥပဒေများ၊ အသစ်ထုတ်ပြန်ထားသော ဥပဒေများလည်းရှိသည်။

တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်သူတို့ ကျယ်ပြန့်စွာ သိရှိထားရန် လိုအပ်သကဲ့သို့ လိုက်နာစောင့်ထိန်းရန်လည်း လိုအပ်ပေသည်။ ဥပဒေဟူသည် လိုက်နာရန်၊ ရှောင်ရန်အတွက်ဖြစ်ပြီး ဥပဒေကို မသိရှိလို့ပါဟူ၍ ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ချေ။

ဥပဒေကို မလိုက်နာပါက မည်သူမျှရှောင်လွှဲ၍မရဘဲ ပြန်လည်ထုချေ ပိုင်ခွင့်၊ ရှောင်တိမ်းပိုင်ခွင့် ရှိမည်မဟုတ်သည့်အပြင် ဥပဒေကို မည်သည့် နည်းနှင့်မျှ လက်တစ်လုံးခြားလုပ်၍ရမည်မဟုတ်ချေ။ မြန်မာနိုင်ငံတွင် ထုတ်ပြန်ထားသော ဥပဒေများအနက် ရာဇဝတ်ဥပဒေများမှလွဲ၍ အများ ပြည်သူနှင့် သက်ဆိုင်သော ဥပဒေအချို့တွင် ရှောင်လွှဲခြင်းများ ပြုလုပ်တတ် သည်ကို တွေ့ရသည်။

အများအားဖြင့် ဥပဒေကိုမသိရှိ၍ ကျူးလွန်တတ်သည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဥပဒေကို သိရှိနိုင်ရန်အတွက် ဥပဒေစာအုပ်များကို မဖတ်နိုင်လျှင်ပင် သတင်းစာ၊ ဂျာနယ်၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့ကို ကြည့်ရှု ဖတ်မှတ် လေ့လာထားသင့်သည်။

လက်ရှိတွင် ဥပဒေကို သိရှိလိုက်နာရန်အတွက် လွန်စွာအားနည်းလှသည်ကို တွေ့ရသည်။ အများပြည်သူအနေဖြင့် ဥပဒေကို မသိရှိခြင်းထက် ပြဋ္ဌာန်းထား သော ဥပဒေနှင့်သက်ဆိုင်သူတို့အနေဖြင့် မဖြစ်မနေသိရှိနေအောင် လေ့လာ လိုက်စားထားသင့်သည်။

ဤသို့မဟုတ်မူဘဲ ဥပဒေပြဋ္ဌာန်းထားပါလျက် မသိကျိုးကျွန်ပြု၍ ဆက်လက် ဆောင်ရွက်နေပါမူ ဥပဒေကို မျက်ကွယ်ပြုကာ တမင်ကျူးလွန်နေခြင်းသာ ဖြစ်ပေလိမ့်မည်။ ထို့အပြင် ဖောက်ဖျက်ကျူးလွန်နေခြင်းထက် ကျူးလွန်နေခြင်းကို လွတ်ကင်းအောင် အကာအကွယ်မပေးမိဖို့လိုမည်။

အလွယ်တကူ ဖောက်ဖျက်ကျူးလွန်တတ်သော ဥပဒေများမှာ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးဥပဒေဖြစ်သည်။ သက်ဆိုင်ရာဌာနက ထုတ်ပြန် ထားမှုရှိသော်လည်း ရှောင်လွှဲရလွယ်ကူသဖြင့် အန္တရာယ်ဖြစ်စေသည့် ကိစ္စများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။

သက်ဆိုင်ရာထိန်းကျောင်းဌာနတွင် ဝန်ထမ်းအင်အား ၁၀၀ ကျော်သာ ရှိသဖြင့် မြန်မာနိုင်ငံလူဦးရေ သန်း ၆၀ အတွက် လုံလောက်သော ကာကွယ်မှု မပြုနိုင်ချေ။ ယခုအခါ အဆိုပါဌာနကို အဆင့်တိုးမြှင့် တိုးချဲ့ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိသည့်အပြင် ပြင်ပအဖွဲ့အစည်းများကလည်း ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသဖြင့် များစွာဝမ်းမြောက်မိသည်။

လက်ရှိကာလတွင် ပြည်သူကိုအန္တရာယ်ဖြစ်စေသည့် စားသောက်ကုန်နှင့် ဆေးဝါးများ ဈေးကွက်အတွင်း ကျယ်ပြန့်စွာ ရောက်ရှိလျက်ရှိသည်။ တားမြစ် ဆိုးဆေးများပါဝင်သည့် အစားအသောက်များ၊ အသီးအနှံ ဟင်းသီးဟင်းရွက်၊ စံချိန်မမီဆေးဝါးများ၊ အသင့်စားသုံးနိုင်သော သရေစာများ၊ တာရှည်ခံ ပြုလုပ် ထားသည့် အစားအစာများကို ထိရောက်စွာတားမြစ်ခြင်း၊ အရေးယူပိတ်ဆို့ခြင်း တို့ကို ထိထိရောက်ရောက် ဆောင်ရွက်သွားဖို့ လိုပေသည်။

ပြည်သူလူထု၏ ကျန်းမာရေးအတွက်သာမက အသက်အန္တရာယ်ကိုပါ ထိခိုက်စေသဖြင့် အသိပညာပေးအဆင့်နှင့် ပစ္စည်းသိမ်း၊ ဒဏ်ငွေတပ်အဆင့် ဖြင့် မလုံလောက်တော့ဘဲ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက် သွားဖို့လိုမည်ဟု ထင်မြင်မိသည်။

သက်ဆိုင်ရာက သတင်းထုတ်ပြန်ပေးမှုရှိသော်လည်း ထုတ်လုပ်သူ၊ ရောင်းချသူများဘက်မှ လိုက်နာမှုမရှိသေးသည်မှာ ပြည်သူလူထုအပေါ် စာနာထောက်ထားမှုနည်းပါးပြီး ကိုယ်ကျိုးစီးပွားအတွက် ရှေ့တန်းတင်လွန်း သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်ရန်အတွက် ထိရောက်သော ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်ပါ သည်။ ။

ထင်သာမြင်သာပြုပြင်စရာ ➤ အိမ်မျှးခင်

လှိုင်သာယာ ခါးပိုက်နှိုက်မပျောက်ရေး ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းဆောင်ရွက်ပေး

စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပင်လုံဈေးအနီး တွင်နေထိုင်၍ ဝန်ထမ်းအမျိုးသား၏လစာကို အမှီပြုနေသော စာရေးဆရာမတစ်ဦး ဖြစ်ပါသည်။ နှစ်စဉ်လူဦးရေတိုးပွားလာမှုနှင့်အတူ စားဝတ်နေရေးအတွက် ရုန်းကန်နေရသော အောက်ခြေလူတန်းစားတွင် လူငယ်များအလုပ်အကိုင်ရှားခြင်း၊ ငွေရလွယ်သောအလုပ်ကို အုပ်စုဖွဲ့လုပ်ကိုင်နေကြသည်ကို ကြားသိရသော်လည်း ကိုယ်တွေ့မကြုံဖူးသောကြောင့် ယုံကြည်မှုအားနည်းခဲ့သော်လည်း မတ် ၁၅ ရက် သောကြာနေ့တွင် ကိုယ်တွေ့ကြုံရသောအခါ သူတို့တွေပြောနေကြတာ တကယ်ပါလားဆိုပြီး ဒီလိုအုပ်စုဖွဲ့လုပ်ကိုင်နေကြတဲ့ ခါးပိုက်နှိုက်အဖွဲ့ရှင်သန်နေ တာကိုလည်း အံ့သြမိပါတယ်။ လှိုင်သာယာမှာ ခါးပိုက်နှိုက်တွေကြီးစိုးနေတယ် ဆိုတာ ကျောင်းဆရာမတွေပြောစဉ်က အမှုမဲ့အမှတ်မဲ့နေခဲ့တာ၊ သူတို့ပျောက်ရှ အနှိုက်ခံရတဲ့ငွေတွေရဲ့ ဆုံးရှုံးမှုကို ထိထိမိမိမခံစားပေးခဲ့တာကို စဉ်းစားရင်း စိတ်မကောင်းဖြစ်ရပါတယ်။

ဆိပ်ဖြူမြို့မှာ တာဝန်ထမ်းဆောင်နေတဲ့အမျိုးသားက မတ် ၁၅ ရက် သောကြာနေ့မှာ အင်းစိန်စီးပွားရေးဘဏ်ကို ငွေငါးသောင်းလွှဲပေးတဲ့အတွက် တစ်သောင်းကိုဘဏ်မှာအပ်ခဲ့ပြီး ကျန်လေးသောင်းကို သားရေပင်နဲ့စည်း၊ ပိုလိုလယ် သာ အိတ်ထဲထည့်ပြီး အင်းစိန်ပန်းခြံနားကနေ (၁၂၇)လိုင်းကားကို တက်စီးခဲ့ပါ တယ်။ တက္ကသိုလ်ဝင်တန်းကျောင်းသားတွေ စာမေးပွဲပြီးချိန်ဆိုတော့ နေရာ လေး တစ်နေရာ မတ်တတ်ရပ်လို့ရအောင် ကားပေါ်တိုးအတက်မှာ ကားစပယ်ယာ က သတိပေး သလိုပြောလိုက်တာ အမှတ်ရမိနေပါသေးတယ်။ "အမရေအိတ်ကို ရင်ဘတ်ရှေ့မှာထားပြီးစီးပါ"တဲ့။ သူပြောတဲ့အတိုင်း စီးခဲ့တာပါ။ ကားမှာ အသက်(၃၀)ကျော် အမျိုးသားတွေများတာတော့ သတိပြုမိပါတယ်။ လှိုင်သာယာ ရုံးထိပ်မှတ်တိုင်ရောက်လို့အလယ်ရွာဘက်ကိုသွားမယ့် (၁၂၇)ကားပေါ်ကဆင်းပြီး ပင်လုံဈေးဘက်ကို ကားပြောင်းစီးရတဲ့အတွက် အိတ်ထဲကပိုက်ဆံလိပ်ကို ထုတ်လိုက်တော့ အိတ်ဇစ်က တစ်ဝက်ပွင့်နေပြီးကျပ်နေတယ်။ သွားပြီ ဒီလစား စရိတ်ပါသွားပြီ။ ဘာနဲ့သွားစားမလဲ။ အမျိုးသားသိရင်ချွေးနဲ့စာနဲ့ရှာထား တဲ့ငွေမို့လို့ စိတ်မကောင်းဖြစ်မှာ အမှန်ပါပဲ။ ကျွန်မပါးပြင်ပေါ်ကို မျက်ရည် တွေတလိမ့်လိမ့်နဲ့ စီးကျလာတာ ကားပေါ်မှာ ဣန္ဒြေမဆည်နိုင်တော့ပါဘူး။ သူတို့မို့လို့ လုပ်ရက်တယ်။ အခြားပြည်သူတွေ ဒီလိုဒုက္ခကို လူမသိသူမသိ ခံစားနေကြတာ ဘယ်လောက်ကြာပြီလဲ။ မြစ်ဝကျွန်းပေါ်ကို ခရီးဆက်မယ့် ခရီး သည်တွေ ဒဂုံ-ဧရာအဝေးပြေးသွားရင်း ကားပေါ်မှာဘယ်လို ဒုက္ခတွေရင်ဆိုင် ဖိစီးပြီးပါသွားကြသလဲ။ စတဲ့အတွေးတွေ ခေါင်းထဲအစီအရီပေါ်လာပါတယ်။ အခုလောက်ဆို ကျွန်မပိုက်ဆံတွေ ဘီယာဆိုင်နဲ့အရက်ဆိုင်မှာ ခွဲတမ်းချနေမှာ အမှန်ပဲ။

အင်းစိန်မှာ တာဝန်ကျတဲ့ကျောင်းဆရာတစ်ယောက်ကလည်း သူ့ရဲ့ကိုယ် တွေ့ကို ပြောပြဖူးပါတယ်။ ကျောင်းဆရာလစာအပြင် အပိုအလျှံရအောင်ဆိုပြီး တောင်ပေါ်က လက်ဖက်ခြောက် ဆရာမတွေကို လစဉ်ရောင်းရင်း လူမှုရေး အသုံးစရိတ်လေးရအောင်ရှာပါတယ်။ တစ်နေ့မီးခွက်ဈေးမှတ်တိုင်ကနေ အင်းစိန်ကျောင်းကိုအသွား လက်ဆွဲအိတ်အနက်နဲ့ လက်ဖက်ခြောက်အထုပ်တွေ ထည့်လာတော့ သူထိုင်နေတဲ့ရှေ့က လူရွယ်က ဂျင်းလွယ်အိတ်ကို အရှေ့ဘက် လှည့်လွယ်ပြီး ဇစ်ဖွင့်ထားရင်း သူ့ကိုတိုးနေတယ်။ သူ့နောက်မှာလည်း လူရွယ် တစ်ဦးက ရှိနေတယ်။ ကျောင်းဆရာက အိတ်ထဲကလက်ဖက်ခြောက်ကြေမှာ စိုးလို့ လက်နဲ့တွန်းကာထားတာကို သူတို့က ဘဏ်အပ်မယ့်ငွေထုပ်ကြီးထင် နေမှာပေါ့။ တွန်းရင်းကာရင်းနဲ့ ကျောင်းဆရာရှေ့မှာ ရပ်နေတဲ့ သူ့ရဲ့နောက်က လူရွယ်က ဂျင်းအိတ်ကြားထဲကနေ ဆရာ့ရဲ့အိတ်ကိုရအောင်ဖွင့်တယ်။ အနှိုက်မှာ ဆရာက လက်ကို ပုတ်ထုတ်လိုက်ပြီး သူဘာသာသူ ညည်းပြီးပြောရှာပါတယ်။ "ဟေ့ကောင်တွေ ဘာမှတ်နေလဲ အထဲက လက်ဖက်ခြောက်တွေကွ ကြေကုန်မယ်၊ ဘာမှတ်နေလဲ"ဟု အော်မှ လေးယောက်သား (၁)ထိပ်မှတ်တိုင်တွင် ဆင်းသွား သည်ဟု ပြောပြဖူးပါသည်။

ကျွန်မ (၅)ထိပ်မှာရှိတဲ့ လှိုင်သာယာရဲစခန်းမှာ အမှုဖွင့်ခဲ့ပါတယ်။ ပြန်မရ ဘူးဆိုတာသိပါတယ်။ တာဝန်ကျဒုရဲအုပ်က နှစ်နာရီခန့်အမှုနှင့်ဆိုင်သည်ကော၊ မဆိုင်သည်ကော မေးမြန်းသမျှဖြေကြားရင်း မီးဖိုချောင်စရိတ်ဖြေရှင်းဖို့ တစ်လ တစ်သောင်းလောက် စုထားတဲ့ငွေ အင်းစိန်ဘဏ်မှာ တနင်္လာနေ့ပြန်ထုတ်ဖို့သာ အတွေးထဲမှာပေါ်လာပါတော့တယ်။ ဤမြို့လေးမှာ ခိုး၊ ဆိုး၊ နှိုက် ပေါ်များနေ တာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖယ်ရှားပေးနိုင်ပါရန် မေတ္တာရပ်ခံ အပ်ပါတယ်ရှင်။

ခိုး၊ ဆိုး၊ နှိုက် ပပျောက်ပါစေ။ ။

ရာသီဥတုပြောင်းလဲခြင်းနှင့် သစ်တောများထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေး ဒေသခံစွမ်းဆောင်ရည်မြှင့်တင်ရန်ဆွေးနွေး

ရန်ကုန် မတ် ၁၈

ရာသီဥတု ပြောင်းလဲခြင်းနှင့် သစ်တောများကို ထိရောက်စွာ စီမံ အုပ်ချုပ်နိုင်ရေးအတွက် ဒေသခံ ပြည်သူများ၏ စွမ်းဆောင်ရည်မြှင့် တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဂေဟစနစ်ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ စီမံ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမျိုးသူက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အစုအဖွဲ့ပိုင် သစ်တော ထူထောင်ခြင်းနှင့် ပတ်သက်၍ ဒေါက်တာ မောင်မောင်သန်းက လည်းကောင်း၊ သဘာဝတရားမှ အစားအစာဖူလုံရေးဆီသို့ အကြောင်း ကို Dr.Timmi Tillman က လည်းကောင်း၊ အစုအဖွဲ့ပိုင်သစ် တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်း သိမ်းစောင့်ရှောက်ခြင်း အကြောင်းကို ဦးဝင်းမောင်က လည်းကောင်း၊ ရေရှည်တည်တံ့သော သစ်တောစီမံ ခန့်ခွဲမှုနည်းလမ်းများဖြင့် တရားဝင် သစ်ထုတ်လုပ်ခြင်း အကြောင်းကို Dr.Oliver က လည်းကောင်း၊ ဒေသ အစုအဖွဲ့ သစ်တောထူထောင်ခြင်းဖြင့် ကာဗွန်လျှော့ချခြင်း အကြောင်းကို ဒေါက်တာ ရိုစီနေဝင်းကလည်း ကောင်း၊ ကာဗွန်လျှော့ချခြင်းဆိုင်ရာ လမ်းပြမြေပုံအကြောင်းကို ဦးထွန်း ပေါ်ဦးက လည်းကောင်း အသီးသီး ရှင်းပြဆွေးနွေးကြကာ မေးမြန်းမှုများ အပေါ် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင် များက ဖြေကြားခဲ့ကြသည်။

ထို့အပြင် ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အသေးစားရန်ပုံငွေ ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့ပြီး ဦးဝင်းမျိုးသူက နိဂုံးချုပ်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(၆၈၀)

ပြည်တွင်းရေးရာ

ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းသည့်ခရီးစဉ်ချောမွေ့နိုင်ရန် အဆွေတော်တို့၏ကူညီထောက်ပံ့မှုများ လိုအပ်နေ

ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှုကဏ္ဍများတွင် ကူညီမှုအတွက် ကျေးဇူးတင်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ဩစတြေးလျမဟာမိတ်နိုင်ငံ ကင်ဘာရာမြို့တော်ရှိ ပါလီမန်အဆောက်အအုံအတွင်းရှိ ဝန်ကြီးချုပ်ရုံး၌ ဩစတြေးလျမဟာမိတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စ ဂျူလီယားဂေးလာ့ဒ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိလာရာ ဩစတြေးလျမဟာမိတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စ ဂျူလီယားဂေးလာ့ဒ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျမဟာမိတ်နိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီးနောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဩစတြေးလျမဟာမိတ်နိုင်ငံဝန်ကြီးချုပ်တို့သည် သီးသန့်ဧည့်ခန်း၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများကို အပြန်အလှန်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပပြီး **(ယာပုံ)** သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၌ ဩစတြေးလျမဟာမိတ်နိုင်ငံ ဝန်ကြီးချုပ်က ပြောကြားရာတွင် သမ္မတကြီး၏ အလည်အပတ်ခရီးစဉ်သည် ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အရပ်သားအစိုးရ ပေါ်ထွန်းခဲ့ပြီးနောက် ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထင်ဟပ်ပေါ်လွင်စေပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ ချမ်းသာကြွယ်ဝလာစေရန် အဆွေတော်အနေဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို တံခါးဖွင့်ပေးနိုင်ခဲ့ပြီး အနာဂတ်တွင် ဒေသတွင်း၌ မြန်မာနိုင်ငံအား နေရာမှန်သို့ရောက်ရှိစေရန်လည်း တွန်းပို့ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ကြီးမားသော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ခက်ခဲသောစိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရမည်ဖြစ်သောကြောင့် ကြိုးစားအားထုတ်မှုနှင့်အတူ ကြံ့ကြံ့ခံနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွက် ဩစတြေးလျနိုင်ငံသည် လက်ကမ်းကြိုဆိုနေသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရပ်သားအစိုးရ ခိုင်မာစွာပေါ်ထွန်းလာရေး၊ မြန်မာနိုင်ငံသားများ၏ အခွင့်အရေးများကို စောင့်ရှောက်ပေးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးကို မြှင့်တင်ပေးရေးနှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေး သတ်မှတ်ချက်များကို လေးစားလိုက်နာနိုင်ရေးတို့အတွက် အားပေးကူညီသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ချစ်ကြည်ရင်းနှီးမှုကို နှုတ်ဖြင့်သာမက လက်တွေ့ကျသည့်ကူညီပံ့ပိုးမှုများဖြင့်လည်း ကမ်းလှမ်းခဲ့ပါကြောင်း၊ ဩစတြေးလျစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံတွင် လုပ်ကိုင်နိုင်ရေးအတွက် မိမိတို့၏ ဩစတြေးလျကုန်သွယ်မှုဌာနကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ လာမည့်ရက်အနည်းငယ်အတွင်း ကုန်သွယ်ရေးရုံးအကြီးအကဲကို ခန့်အပ်သွားမည်ဖြစ်ပါကြောင်း။

ဇန်နဝါရီလအတွင်း အနောက်နိုင်ငံများအနက် ပထမဆုံးသော နိုင်ငံအဖြစ် မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ သဘောတူညီချက်ကို မိမိတို့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ အဆိုပါသဘောတူညီချက်ကြောင့် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပေးအပ်နေသည့် ဩစတြေးလျနိုင်ငံ၏ အထောက်အပံ့များ ဒေါ်လာသန်း ၁၀၀ အထိ မြင့်တက်လာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝများကို တိုးတက်လာစေမည် ဖြစ်ပါကြောင်း။

ဥပမာအနေဖြင့် ကလေးငယ် ၁၄၀၀၀ အတွက် ကျောင်းနေနိုင်ခွင့်၊ ကျောင်းဆရာ ဆရာမ ၉၅၀၀ အား လေ့ကျင့်

သင်ကြားပေးခြင်းနှင့် မူလတန်းကျောင်းသားပေါင်း ၆၂၀၀၀၀ အတွက် လိုအပ်သည့်ကျောင်းအသုံးအဆောင်များ ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့၏အရေးကြီးသော ထောက်ပံ့မှုအစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာ-ဩစတြေးလျ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို မိမိတို့အနေဖြင့် ဝမ်းမြောက်စွာ ယနေ့အသိပေးကြေညာလိုပါကြောင်း၊ အဆိုပါအစီအစဉ်တွင် ဒေါ်လာသန်း ၂၀ ထောက်ပံ့ရန် ကတိကဝတ်ပြုထားပြီး မြန်မာနိုင်ငံ၌ ဒီမိုကရေစီနှင့်ပတ်သက်သည့် အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ စီးပွားရေးအုပ်ချုပ်မှုစနစ် ကောင်းမွန်စေရေးနှင့် တရားဥပဒေစိုးမိုးမှု ကောင်းမွန်စေရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် ကန့်သတ်ချက်များကို ဖြေလျှော့သွားရန် ကာကွယ်ရေးဝန်ကြီးနှင့် မိမိတို့သဘောတူခဲ့ကြကြောင်းကို ယနေ့အသိပေးပြောကြားလိုပါကြောင်း၊ ဩစတြေးလျအစိုးရသည် မြန်မာနိုင်ငံ၌ ရုံးစိုက်သည့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ စစ်သံမှူး ခန့်အပ်သွားရန်နှင့် မြန်မာ့တပ်မတော်နှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ပြုလုပ်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ ကာကွယ်ရေးနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများတွင် ကန့်သတ်မှုများ ဖြေလျှော့သွားမည်ဖြစ်ပါကြောင်း။

ထိုသို့လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှု အစီအစဉ်များ၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများနှင့် သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများအပြင် ဒုတိယလမ်းကြောင်း လှုပ်ရှားမှုများနှင့် နိုင်ငံတကာမျက်နှာစာများတွင် မြန်မာ့တပ်မတော်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ခွင့်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် ပထမဦးဆုံးနှင့် အရေးကြီးဆုံးသော အဆင့်ကို စတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြန်လည်ပြောကြားရာတွင် ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံသည် မိတ်ဖက်နိုင်ငံများအနေဖြင့် ကာလရှည်ကြာ တည်ရှိလာခဲ့ပြီး ဩစတြေးလျ ပြည်သူ ပြည်သားများနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများသည် မိတ်ဆွေရင်းများအနေဖြင့် ဆက်ဆံလာခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည်လည်း ဩစတြေးလျနိုင်ငံကဲ့သို့ ငြိမ်းချမ်းမှုရှိစွာဖြင့် ဒီမိုကရေစီထွန်းကားပြီး ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် မိမိအနေဖြင့် စိတ်ရင်းစေတနာမှန်ဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဩစတြေးလျနိုင်ငံ၏ နမူနာကိုယူပြီး လေ့လာစရာများရှိနေပါကြောင်း၊ ဩစတြေးလျနိုင်ငံကလည်း မိမိတို့နိုင်ငံ၏ဒီမိုကရေစီခရီးလမ်းအတွက် လိုအပ်သည်များ ကူညီထောက်ပြပေးစရာများကို ကူညီပေးနိုင်မည်၊ အတွေ့အကြုံများကိုလည်း ဖလှယ်နိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်မျှော်လင့်ပါကြောင်း၊ ယနေ့အချိန်အခါသည် ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား မိတ်ဖက်ဖြစ်မှု၊ ရင်းနှီးချစ်ကြည်မှုများအတွက် စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့သည့်အချိန်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

ဩစတြေးလျပြည်သူများနှင့် ဩစတြေးလျအစိုးရတို့သည် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ပေါင်းများစွာ စိုးရိမ်ပူပန်ခဲ့မှုများကို မိမိတို့အနေဖြင့် သိရှိနားလည်ပါကြောင်း၊ မိမိအနေဖြင့် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၏လက်ရှိပြောင်းလဲမှုများ အကြောင်းသာမက မိမိနိုင်ငံ၏ ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းသည့် ခရီးစဉ်ချောမွေ့နိုင်ရန်အတွက် အဆွေတော်တို့၏ ကူညီထောက်ပံ့မှုများ လိုအပ်နေကြောင်းကို ပြောကြားလိုပါကြောင်း၊ မိမိတို့ရင်ဆိုင်နေရသည့် ပြုပြင်ပြောင်းလဲမှုများသည် ယနေ့ကမ္ဘာကြီးတွင် မကြုံဖူးသေးသည့် သုံးပွင့်ဆိုင် အပြိုင်ပြုပြင်ပြောင်းလဲမှုများဟု ဆိုချင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စစ်အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲနေသည်နှင့်တစ်ပြိုင်နက်တည်းတွင် နှစ်ပေါင်းခြောက်ဆယ်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိစေရန် ဗဟိုချုပ်ကိုင်မှုများနှင့် အထီးကျန် ခေတ်နောက်ကျခဲ့မှု စီးပွားရေးစနစ်မှ ပြည်သူများအားလုံးကို ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်သည့် ခေတ်မီစီးပွားရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် အလွန်အရေးကြီးသည့် လုပ်ငန်းသုံးခုကို အပြိုင်ကြိုးပမ်းနေရပါကြောင်း၊ တစ်ခေတ်တစ်ခါက အာရှတွင် အလှဆုံးဖြစ်ခဲ့သည့် ရန်ကုန်မြို့တော်ကြီးကို ယခုအခါ မြို့ပြအင်္ဂါရပ်နှင့်အညီ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပြစီမံကိန်းရေးဆွဲခြင်းများကို ပြုလုပ်နေပါကြောင်း၊ ရန်ကုန်မြို့ပြ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အသစ်ဖွဲ့စည်းလိုက်သည့် Yangon Heritage Trust ကိုလည်း ဩစတြေးလျနိုင်ငံမှ ကူညီထောက်ပံ့မှုများပေးသည့်အတွက် အလွန်ပင် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ဩစတြေးလျနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အတွင်းမှာလည်း ကင်ဘာရာမြို့နှင့် ဆစ်ဒနီမြို့တို့၏ မြို့ပြအလှများမှ မိမိတို့၏မြို့တော်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် များစွာအထောက်အပံ့ဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် သတ္တုကဏ္ဍ လုပ်ကိုင်ဆောင်ရွက်မှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ဆောင်ရွက်လိုပါကြောင်း၊ ဤကဏ္ဍကိုလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်သည့် ယန္တရားတစ်ရပ်ဖြစ်စေရန် အဆွေတော်တို့၏ ထောက်ခံကူညီမှု၊ အသိပညာနှင့် လေ့ကျင့်ပေးမှုများရယူသွားမှာဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဩစတြေးလျနိုင်ငံ၏ မြန်မာနိုင်ငံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် သက်မွေးဝမ်းကျောင်းမှုကဏ္ဍများတွင် တိုက်ရိုက်ကူညီမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

မိမိ၏ နိုင်ငံတကာနှင့်ပုံမှန်ဆက်ဆံရေး ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းရာတွင်လည်း ဩစတြေးလျ၏ အကူအညီကိုရယူလိုပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂတွင် နိုင်ငံတစ်ခုတည်းကို ဦးတည်ချမှတ်သော Resolution သည် မြန်မာနိုင်ငံအတွက် မလိုအပ်တော့ပါဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၃ ခုနှစ် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံတစ်ခုတည်း ဦးတည်ချမှတ်သည့် Resolution မရှိသင့်တော့ပါကြောင်းကို ဝိုင်းဝန်းကူညီပြောကြားပေးစေလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

အာဖဂန်ရှိ မဟာဗျူဟာမြောက်ပြည်နယ်တွင် အမေရိကန်အထူးတပ်ဖွဲ့ ဆက်လက်ရှိဖွယ်

ကဘူး မတ် ၁၈

အငြင်းပွားဖွယ် အကျဉ်းထောင်တစ်ခုကို အာဖဂန်တို့၏ ထိန်းချုပ်မှုအောက်သို့ အပြည့်အဝ လွှဲပြောင်းပေးခြင်းအတွက် အတုံ့အပြန်အဖြစ် မြို့တော်ကဘူးအနီးရှိ မဟာဗျူဟာမြောက် အဓိကပြည်နယ်တွင် အမေရိကန်အထူးတပ်ဖွဲ့များ ဆက်လက်တပ်စွဲခြင်းကို ခွင့်ပြုမည့် အပေးအယူ သဘောတူညီချက်တစ်ရပ်ကို အာဖဂန်နှင့် အမေရိကန်တာဝန်ရှိသူများ ဆွေးနွေးလျက်ရှိသည်ဟု ထိပ်တန်း အာဖဂန်တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း တနင်္ဂနွေနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဝါဒက်ပြည်နယ်မှ အမေရိကန်အထူးတပ်ဖွဲ့များ ထွက်ခွာစေရန် သမ္မတ ဟာမစ်ကာဇိုင်း၏ ဆုံးဖြတ်ချက်အပေါ် အမေရိကန်ကာကွယ်ရေးအရာရှိများက ဒေါသထွက်ခဲ့ကြသည်။ ၎င်းတို့သာ ထိုဒေသမှ ထွက်ခွာခဲ့လျှင် သောင်းကျန်းသူများက ဝင်ရောက်၍ အခိုင်အမာခြေကုပ်ယူကာ ၂၅ မိုင်မျှသာဝေးသော ကဘူးမြို့ကို ဝင်ရောက်တိုက်ခိုက်မည့်အရေးအားအမေရိကန်တို့ စိုးရိမ်ပူပန်လျက်ရှိသည်။

တာလီဘန်တို့နှင့် တိုက်ခိုက်လျက်ရှိသည့် အမေရိကန် အထူးတပ်ဖွဲ့တို့သည် လွန်ခဲ့သည့် သီတင်းပတ်ကတည်းက မတည်ငြိမ်သော ယင်းဒေသမှထွက်ခွာရမည် ဖြစ်သည်။ သို့သော် အမေရိကန်နှင့် အာဖဂန်တာဝန်ရှိသူများက ၎င်းတို့သည် ယင်းဒေသ၌ စစ်ဆင်ရေးဆောင်ရွက်ဆဲဖြစ်သည်ဟုရိုက်တာသို့ပြောကြားခဲ့သည်။

ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ ဝါဒက်ပြည်နယ်၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်အထူးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကက်စ်ပီယံပင်လယ်အတွင်း ဖျက်သင်္ဘောတစ်စင်းကို အီရန်ရေချ

တီဟီရန် မတ် ၁၈

အီရန်နိုင်ငံသည် ကက်စ်ပီယံပင်လယ်အတွင်းသို့ ပြည်တွင်း၌ ထုတ်လုပ်သော ဖျက်သင်္ဘောတစ်စင်းကို ပထမဆုံးအကြိမ်အဖြစ် မတ် ၁၇ ရက်တွင် ရေချခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းမှ ကြေညာသည်။

မြို့တော်တီဟီရန်၏ အနောက်မြောက်ဘက် မိုင်၁၅၀ အကွာတွင်ရှိသည့် အန်ဇာလီဆိပ်ကမ်း၌ ဂျာမာရမ်-၂ အမည်ရှိ ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော ဖျက်သင်္ဘောကို သမ္မတ မာမွတ်အာမာဒီနီဂျက်က ဖွင့်လှစ်ပေးသည်။

ဒေသတွင်း ချစ်ခင်ရင်းနှီးမှုနှင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ဤသို့ စစ်သင်္ဘောကို တာဝန်ချထားခြင်းဖြစ်သည်ဟု သမ္မတက ပြောကြားသည်။ ပတ်ဝန်းကျင်နိုင်ငံများ၏ လုံခြုံရေးကို ထိပါးရန် အလိုရှိကြသူတို့အား ရင်ဆိုင်ရန်ဖြစ်ကြောင်းပြော၍ အသေးစိတ်ကိုမူ တိတိကျကျ ပြောကြားခြင်း မပြုပေ။

ကက်စ်ပီယံ ကမ်းခြေနိုင်ငံများဖြစ်ကြသည့် အီရန်၊ ရုရှား၊အဇာဘိုင်ဂျန်၊ ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန်တို့အကြား ရေပြင်ပိုင်နက် ခွဲဝေမှုအပေါ် အငြင်းပွားလျက်ရှိသည်။

ဂျာမာရမ်-၂ ကို နောက်ဆုံးအကြိမ် စမ်းသပ်ပြီးနောက် လာမည့်လအတွင်း ကက်စ်ပီယံပင်လယ်အတွင်းရှိ အီရန်ရေတပ်ဖွဲ့တွင် တာဝန်အပ်နှင်းမည်ဖြစ်သည်။

တန်ချိန် ၁၄၀၀ ရှိပြီး ၉၄မီတာရှည်လျားကာ တစ်နာရီ ရေမိုင် ၃၀ မောင်းနှင်နိုင်သော ယင်းသင်္ဘောပေါ်တွင် ရဟတ်ယာဉ်ကွင်းတစ်ကွင်းပါရှိ၍ ရေပြင်မှ ရေပြင်ပစ်နှင့် ရေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ လေယာဉ်ပစ်အမြောက်များ တပ်ဆင်ထားသည့်အပြင် ခေတ်မီရေဒါနှင့် ဆက်သွယ်ရေးကိရိယာများ တပ်ဆင်ထားကြောင်း ရုပ်သံသတင်းတွင် ဖော်ပြသည်။

အေပီ။

အကျဉ်းသားနှစ်ဦး ထွက်ပြေးနိုင်ရန် အသုံးပြုခဲ့သော ရဟတ်ယာဉ်ကို တွေ့ရစဉ်။

ရဟတ်ယာဉ်တစ်စင်းအကူအညီဖြင့်ထွက်ပြေးသူ အကျဉ်းသားနှစ်ဦးကို ပြန်လည်ဖမ်းဆီးရမိ

ကွီဘက် မတ် ၁၈

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်ရှိ အကျဉ်းထောင်တစ်ခုမှ အကျဉ်းသားနှစ်ဦးသည် ရဟတ်ယာဉ်တစ်စင်းပေါ်မှ ချပေးသောကြိုးတစ်ချောင်းကိုတွဲခိုလျက် အကျဉ်းထောင်မှထွက်ပြေးလွတ်မြောက်ခဲ့ကြကြောင်း၊ သို့ရာတွင် ၎င်းတို့ကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကွီဘက်ပြည်နယ် မွန်ထရီယယ်လ်မြို့ အနောက်တောင်ဘက်ရှိ အကျဉ်းထောင်မှ အကျဉ်းသားနှစ်ဦးသည် မတ် ၁၇ရက်က နေ့ခင်းကြောင်တောင်ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းမှုကို ရုပ်ရှင်ဆန်ဆန်တွေ့မြင်ခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အကျဉ်းသားနှစ်ဦးသည် ဝေဟင်၌ ရပ်တန့်ထားသော ရဟတ်ယာဉ်တစ်စင်းပေါ်မှချပေးသည့် ကြိုးတစ်ချောင်းကို တွယ်တက်ကာ အကျဉ်းထောင်မှ ထွက်ပြေးခဲ့ကြသည်။

မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့ကို ပြန်လည်ဖမ်းဆီးရမိနိုင်ရန် ချက်ချင်းကြိုးပမ်းခဲ့ကြသည်။ အကျဉ်းသားတစ်ဦးကို အခြားအမျိုးသားနှစ်ဦးနှင့်အတူ ရဲတပ်ဖွဲ့ကဖမ်းဆီးရမိခဲ့ပြီး ဒုတိယမြောက် အကျဉ်းသားတစ်ဦးကို နာရီအတန်ကြာခြားလျက် ဖမ်းဆီးရမိခဲ့သည်။

အကျဉ်းသားများထွက်ပြေးလွတ်မြောက်နိုင်ရန် ကူညီခဲ့သော ရဟတ်ယာဉ်ကိုလည်း ရှာဖွေတွေ့ရှိရပြီး ရဟတ်ယာဉ်မှူးကို ယခုအခါ စစ်ဆေးမေးမြန်းလျက်ရှိသည်။

မွန်ထရီယယ်လ်မြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၆၀(မိုင် ၄၀)ခန့်အကွာရှိ အကျဉ်းထောင်မှ ထွက်ပြေးရန်ကြိုးပမ်းခဲ့ရာတွင် အကျဉ်းသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အကျဉ်းထောင်မှ ၈၅ ကီလိုမီတာအကွာတွင် ရဟတ်ယာဉ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ အဆိုပါရဟတ်ယာဉ်သည် ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ အနုကြမ်းစီးလုယူခံခဲ့ရသော ရဟတ်ယာဉ်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရိုက်တာ။

သံဖြူဇရပ်-ဘုရားသုံးဆူ ရထားလမ်းဖောက်လုပ်မည့် လမ်းအူကြောင်းအခြေအနေကြည့်ရှု

နေပြည်တော် မတ် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် သံဖြူဇရပ်-ဘုရားသုံးဆူ ရထားလမ်းဖောက်လုပ်နိုင်ရေးအတွက် သံဖြူဇရပ်မြို့အနီး မော်လမြိုင်-ရေး ရထားလမ်းနှင့်ဆုံရာ ရထားလမ်းဟောင်းနေရာသို့ လည်းကောင်း၊ သံဖြူဇရပ်နှင့် ဘုရားသုံးဆူကားလမ်းကြား ရဲတံခွန်ရွာအနီး မိုင်တိုင်အမှတ် (၄/၂)တွင် လည်းကောင်း၊ ဇီးနှစ်ပင်ကျေးရွာအနီး မိုင်တိုင်အမှတ်(၆/၆)တွင် လည်းကောင်း လမ်းအူကြောင်းများကို ကြည့်ရှုစစ်ဆေးသည်။

သံဖြူဇရပ်နှင့် ဘုရားသုံးဆူဒေသသည် ယခင်က ငြိမ်းချမ်းမှုမရှိသဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပေ။ ယခုအခါ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိထားပြီးဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ ရထားလမ်း၊ ကားလမ်းဖောက်လုပ်နိုင်မည့် လမ်းကြောင်းများကို ရှာဖွေကြည့်ရှုနိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ဦးအုန်းမြင့်၊ တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်း တို့နှင့်အတူ ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်၌ ရထားလမ်းနှင့် ကားလမ်းဖြတ်သန်းမည့် နေရာနှင့် ကား/ရထား တံတားတည်ဆောက်မည့် နေရာများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ခုံခံကျေးရွာအနီးနှင့် တောင်စွန်းကျေးရွာအနီး ဆင်ပြေးချောင်းတွင် ရထားလမ်းကူးတံတား တည်ဆောက်မည့်မြေနေရာ၊ ဘုရားသုံးဆူမြို့နယ်ခွဲ ချောင်းဆုံကျေးရွာအနီး ရထားလမ်းကူးတံတား တည်ဆောက်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဘုရားသုံးဆူမြို့သို့ရောက်ရှိပြီး မြန်မာ-ထိုင်းနယ်စပ်သို့ ယခင်စစ်ကျန်လမ်းဟောင်း လမ်းအူကြောင်းနှင့် မြန်မာနိုင်ငံဘက်ခြမ်းရှိ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် ဖောက်လုပ်ခဲ့သည့် မြန်မာ-ထိုင်း မီးရထားလမ်းဟောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့၌ ကျင်းပသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း GSM မိုဘိုင်းဆက်သွယ်ရေးစခန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့် ဦးဇော်မင်း၊ တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း တို့နှင့်အတူ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ထိုင်းနိုင်ငံ ကန်ချာနာပူရီမြို့ ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ချိုင်ဝပ် ဦးစီးသောအဖွဲ့နှင့် တွေ့ဆုံပြီး ရထားလမ်း၊ ကားလမ်းဖောက်လုပ်မည့် အခြေအနေနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအား ပူးပေါင်းညှိနှိုင်းဆွေးနွေးကြကာ မြန်မာ-ထိုင်းနယ်စပ် ဘုရားသုံးဆူ၌ ယခင် ဂျပန်ခေတ် ၁၉၄၂ တွင် ဖောက်လုပ်ခဲ့သည့် မြန်မာ-ထိုင်း မီးရထားလမ်းဟောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သီပေါမြို့နယ် ပန်းတိမ်တောင်ရပ်ကွက်၌ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်

သီပေါ မတ် ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဌေးအောင်၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ပန်းတိမ်တောင်ရပ်ကွက်၌ (၁၁/သုည ဒသမ ၄)ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံးတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ မတ် ၁၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါထရန်စဖော်မာတည်ဆောက်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့မှုကြောင့် သီပေါမြို့၏ အရှေ့နှင့် အရှေ့တောင်ခြမ်းဒေသ ပန်းတိမ်တောင်ရပ်ကွက်ရှိ မီးသုံးစွဲပြည်သူများက ဗို့အားပြည့်ဝစွာ အသုံးပြုခွင့်ရခဲ့ကြသဖြင့် ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(၂၄၇)

နဝမအကြိမ် မြန်မာ့ရိုးရာ စွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲဖွင့်

ရန်ကုန် မတ် ၁၈

၂၀၁၃ ခုနှစ် နဝမအကြိမ် မြန်မာ့ရိုးရာစွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားပြိုင်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စွန်အလုများလွှင့်တင်ပြသကြပြီး မြန်မာ့ရိုးရာစွန်အလုနှင့် စွန်ဖြတ်ပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်အဝှမ်း ငြိမ်းချမ်းတိုးတက်စေကြောင်း ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က မေတ္တာလောင်း၍ ကြွချီမည့်အကြောင်း ကုသိုလ်ယူနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ဉာဏရပ်ကွက်ရှိ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ပဓာနနာယကနှင့် တစ်နိုင်ငံလုံးရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ပဓာနနာယက ဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္က(ရခိုင်ကျောင်းဆရာတော်ကြီး)သည် သက်တော်(၉၀)ပြည့် အထိမ်းအမှတ် ရခိုင်ပြည်နယ်သံဃနာယကအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရ၊ မြို့နယ်(၁၇)မြို့နယ်မှ ရဟန်းရှင်လူတို့၏ ပင့်လျှောက်မှုအရ ရခိုင်ပြည်နယ်သို့ မကြာမီရက်များတွင် ဒေသစာရီကြွချီတော်မူမည်ဖြစ်ပါကြောင်း ကုသိုလ်ယူနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

Air Bagan ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ မိသားစုများ၊ ဒေင်မိသားစု၊
Fortune Enterprise မိသားစု၊ Global Net မိသားစု၊
ဦးစံရွှေအောင် + ဒေါ်အေးအေးသန်း မိသားစု

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၃-၂၀၁၃(အင်္ဂါနေ့)
(၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက် ဥပုသ်နေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၄၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၁၅	SEA Games (Go For Gold) (ရေကူး)
၅း၅၀	ပြည်သူတို့ရဲ့စကားသံများ
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ

မီး သတိပြု

FULLY LIGHT Travels & Tours Co., Ltd
သကြၤန်အထူးခရီးစဉ်များ
ဂျပန် (တိုကျို၊ကာမာကူရာ၊နာဂိုယာ၊ကျိုတို၊အိုဆာကာ) (၇ညစရက်ခရီးစဉ်) 14-21.APRIL.2013
ကိုရီးယား (ဂျေဂျူး၊ဗူဆန်၊ချောင်ဂျူး၊ဆိုးလ်) (၇ညစရက်ခရီးစဉ်) 12-19.APRIL.2013
ပေကျင်း-ရှန်ဟဲ-ကူမင်း (အမြန်ရထားခရီးစဉ်) (၇ညစရက်ခရီးစဉ်) 11-18.APRIL.2013
Tel: 01-503815 01-516932 01-516964 01-516985 09421013085-86

BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချခင်းကျင်းပေးနေပါသည်။
အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09-5426261, 09-73152381

ကိုရီးယား April 10
စင်ကာပူ သီးသန့် Mar 24, Apr 13
ကမ္ဘောဒီးယား သီးသန့် Mar 23, Apr 13
ဗီယက်နမ် သီးသန့် Mar 27, Apr 13
ဖန်ကောက် ပတ္တရား၊ အယုဒ္ဓယ Mar 24, Apr 12,13
စင်ကာပူ မလေးရှား Mar 24, Apr 12,13
ကမ္ဘောဒီးယား ဗီယက်နမ် Mar 23, Apr 10,13
ဟောင်ကောင် မကာအို၊ ကွမ်ကျိုး Mar 24, Apr 11,12
First Choice Travel & Tour
အမှတ် ၆၆/၆၈(စီ-၄)၊ အင်းစိန်လမ်းမ၊ (စံရိပ်ငြိမ်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09-4210 69966
09-517 1301
09-730 59081

အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လိုက်နာစောင့်ထိန်းသွားရမည့် စာပေနှင့်ယဉ်ကျေးမှု

ပြည်သူတစ်ဦး

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိနိုင်ငံတွင်း မျိုးရိုးစဉ်ဆက် ဘိုးဘွားဘီဘင်လက်ထက်မှစ၍ လက်ဆင့်ကမ်းစောင့်ထိန်းလာသော ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုများကို နောင်လာနောက်သားလူငယ်များအား မိမိလက်ထက်ထိန်းသိမ်းတာဝန်ယူစဉ်ကာလကထက် ပိုမိုကောင်းမွန်သော ဘာသာစကား၊စာပေယဉ်ကျေးမှုအမွေ လွှဲပြောင်းပေးအပ်နိုင်ရန်အတွက် လိုအပ်သလိုတည့်မတ်ထိန်းသိမ်းစောင့်ရှောက်သွားရန် အုပ်ချုပ်သူတိုင်းတွင် တာဝန်ရှိသကဲ့သို့ နိုင်ငံသားတိုင်းတွင်လည်း မွေးရာပါအမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် "မဖြစ်မနေ စောင့်ထိန်းရမည်"(It is a must) ဟု ဖော်ပြပါက ပိုမိုပြည့်စုံမည်ဖြစ်ပါသည်။

စာပေနှင့်ယဉ်ကျေးမှုသည် ခွဲခြားမရအောင် အပြန်အလှန်ဆက်စပ်လျက်ရှိသည့်အပြင် ယဉ်ကျေးမှု ထွန်းကားရန်အတွက် ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာတို့မှ အစပြု၍ ခေတ်အဆက်ဆက်စာဆိုတော်ကြီးများ၊ စာရေးဆရာကြီးများ ပြည်သူလူထုအကျိုးမျှော်ကိုး၍ တစ်သက်တာသတိချပ်ဆင်ခြင်နိုင်ရန် ရေးသားစပ်ဆိုခဲ့သော စာကောင်းပေကောင်းများအား နောင်လာနောက်သားများ ဆက်လက်ဖတ်ရှုလေ့လာနိုင်အောင် ပုံနှိပ်ဖြန့်ဝေမှုများကို ယခင်ကထက် ကျယ်ကျယ်ပြန့်ပြန့်ပိုမို လုပ်ဆောင်သွားသင့်ပါသည်။ နိုင်ငံတော်တွင် စစ်မှန်သော စာပေနှင့် ယဉ်ကျေးမှုထွန်းကားရန်အတွက် စာပေကောင်းများ ပေါ်ထွန်းလာဖို့ လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ အမျိုးဘာသာ သာသနာကို ထာဝရလက်ဆင့်ကမ်းစောင့်ရှောက်နိုင်မည့် ကောင်းမွန်သောယဉ်ကျေးမှုပုံရိပ်ကိုလည်း ဖော်ဆောင်နိုင်ပါမည်။

ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ ဇာတိရုပ်ဖြစ်သကဲ့သို့ ဖော်ပြပါလူမျိုး နေထိုင်ရာတိုင်းပြည်၏ ပြယုဂ်ဟုခေါ်ဆိုလျှင်လည်း မှားနိုင်မည်မဟုတ်ပါ။ ဇာတိရုပ်ဟုဆိုသော မြန်မာစကားမှာ ရှေးဘိုးဘွားဘီဘင် လက်ထက်မှပင် ဝတ်စားဆင်ယင်၊ ပြောဆိုရေးသား၊ ပြုမူနေထိုင်၊ ကျင့်ကြံအားထုတ်၊ လုပ်ကိုင်ဆောင်ရွက်ရန် သင့်လျော်သည်(ကောင်းမွန်သည်)ဟု စံထားသတ်မှတ်၊ ပညတ်ခဲ့ခြင်းကိုဆိုလိုပါသည်။

မြန်မာ့ယဉ်ကျေးမှု၏ အချို့သောအချက်များသည် ဒီမိုကရေစီစနစ်အား ကျင့်သုံးမှုလမ်းစဉ်တွင် ပါဝင်သည့် အဓိကအချက်များနှင့် အဓိပ္ပာယ်သက်ရောက်မှုခြင်းတူညီနေသည်ကိုလည်းတွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီစနစ်တွင် ပါဝင်သည့် အဓိကအချက်များဖြစ်သော တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊စည်းကမ်းစနစ်ကျနမှုနှင့် တစ်ဦး၏ကိုယ်ပိုင်အခွင့်အရေးအား တစ်ဦးမှ လိုက်နာလေးစားမှု၊ မိမိ၏လုပ်ဆောင်ချက်ကြောင့်(စည်းကမ်းဖောက်ဖျက်မှုကြောင့်) သူတစ်ပါးအား စိတ်အနှောင့်အယှက်နှင့် အခြားမည်သည့်နစ်နာမှုမျိုးမှ မဖြစ်ပေါ်စေရန် သတိထားဆင်ခြင်မှုများသည် မြန်မာတို့၏ လူမှုရေးနယ်ပယ်မှ အားနာမှု၊ ကိုယ်ချင်းစာမှု၊ တစ်ဦးနှင့် တစ်ဦးအပြန်အလှန်မေတ္တာထားမှု၊ တစ်ဦးမှ တစ်ဦးအပေါ်သို့ စိတ်ဆင်းရဲမှုမဖြစ်ပေါ်စေရန် လိုက်နာကျင့်သုံးနေမှုများသည် နိစ္စဓူဝ အသုံးပြုနေသည့် ယဉ်ကျေးမှုများပင်ဖြစ်ပေသည်။

စာရေးသူတို့နိုင်ငံသည် ၁၉၆၀ နှောင်းပိုင်းမှစ၍ ခံယူကျင့်သုံးခဲ့သော စနစ်၏ ချို့ယွင်းအားနည်းချက်များနှင့် အကြောင်းအမျိုးမျိုး နောက်ခံသမိုင်းကြောင်းကြောင့် လိုအပ်သည်ထက် ပြည်သူများလေ့လာဖတ်ရှုရန်နှင့် ကြည့်ရှုခံစားနိုင်ရန် အချို့သော စာပေနှင့် သတင်းမီဒီယာကဏ္ဍတွင် ပိတ်ပင်တားဆီးမှုများရှိခဲ့သော်လည်း နိုင်ငံ၏ယဉ်ကျေးမှုနှင့် အမျိုးဘာသာသာသနာအား ပိုမိုထိန်းသိမ်းယုံကြည်သက်ဝင် စည်ပင်ထွန်းကားနိုင်ရန် တစ်မျိုးသားလုံးအကျိုးအတွက် ရည်ရွယ်ရေးသား ပုံနှိပ်ဖြန့်ဝေ ရိုက်ကူးပြသမှုများကို ခေတ်အဆက်ဆက် အားပေးချီးမြှောက်ခြင်းများပြုလုပ်လျက်ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ (Transition Period) ရောက်ရှိလာသည်နှင့် အညီ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သော အစိုးရအဖွဲ့မှ ကဏ္ဍပေါင်းစုံအား ပြည်သူဗဟိုပြုစနစ်ဖြင့် ပြောင်းလဲကျင့်သုံးလာသည့်နှင့်အမျှ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာကဏ္ဍအားလည်း နိုင်ငံတော်အတွက် အန္တရာယ်ရှိနိုင်ပြီး ယဉ်ကျေးမှုနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေနိုင်မည့်ကိစ္စများအား ဖော်ပြရေးသား ပုံနှိပ်ဖြန့်ဝေခြင်းများမှ လွဲ၍ ကျန်ကိစ္စအဝဝ ဖြေလျှော့ခွင့်ပြုခြင်းများ စီမံဆောင်ရွက်ပေးထားသည်ကို ယနေ့ နေ့စဉ်ထုတ် စာစောင်အမျိုးမျိုးကို ကြည့်ရှုခြင်းဖြင့် လွတ်လပ်ပွင့်လင်းသော စာပေရပ်ဝန်းတစ်ခုပေါ်ပေါက်နေပြီဆိုတာ မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပါ။

တိုးတက်ပြောင်းလဲမှုများအား ကမ္ဘာနှင့်အဝန်းကြုံတွေ့ရင်ဆိုင်နေရချိန်တွင် မိမိနိုင်ငံတွင်းသို့ တိုင်းတစ်ပါးယဉ်ကျေးမှုများသည် Internet Website၊ Facebook များအတွင်း ဝင်ရောက်ကြည့်ရှုခြင်း၊ ရုပ်သံလိုင်း (Channel) အမျိုးမျိုးနှင့် အခြားတိုင်းတစ်ပါးဘာသာများဖြင့် ပုံနှိပ်ထုတ်ဝေထားသော အညှီအဟောက် စာအုပ်စာပေမဂ္ဂဇင်းများမှ တစ်ဆင့် အရှိန်အဟုန်ဖြင့် ထိုးနှက်စိမ့်ဝင်ပြီး မြန်မာ့ယဉ်ကျေးမှုကို စတင်လွှမ်းမိုးချုပ်ကိုင်စပြုလာပြီဆိုသည်ကို ယနေ့ခေတ် လူငယ် လူလတ်ပိုင်းနှင့် လူကြီးပိုင်းအချို့၏ ဝတ်စားဆင်ယင်ပြောဆိုနေထိုင်မှုများကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်သည်။(ဥပမာ)မြန်မာတို့၏ ခေတ်အဆက်ဆက် တန်ဖိုးထားဝတ်ဆင်ခဲ့သော"ပွဲတက်" အမျိုးသားတိုက်ပုံအင်္ကျီများပင် ပန်းခက်ပန်းလက်များ စုံလင်စွာတပ်ဆင်၍ ပုံစံပြောင်းဝတ်ဆင်မှုများကို ဝမ်းနည်းစွာဖြင့် တွေ့မြင်နေရပြီဖြစ်ပါသည်။

ယနေ့တိုးတက်လာသော ခေတ်ကြီးတွင် ကမ္ဘာကြီးသည် ရွာတစ်ရွာမျှလောက်ပင် ကြီးမားမှုမရှိတော့ဘဲ၊ မိုင်ပေါင်းထောင်ချီဝေးကွာစေကာမူ အချိန်နှင့် အမျှပြောင်းလဲနေသော သတင်းအချက်အလက်များကို ကမ္ဘာပေါ်ရှိ ပြည်သူပြည်သားများမှ Internet Website၊ Facebook များမှလည်းကောင်း၊ အခြားရုပ်မြင်သတင်းနှင့်သတင်းအရင်းအမြစ်အမျိုးမျိုးမှ ကြည့်ရှုသိမြင်နေကြပြီဖြစ်ပါသည်။

မည်သို့ပင် သတင်းအချက်အလက်များ ကြည့်ရှုသိမြင်နိုင်စေကာမူ ကမ္ဘာပေါ်တွင် တိမ်ကောပပျောက်မှုမရှိဘဲ ပြည်သူများအကြိုက်တွေ့နှစ်သက်ပြီး မည်သည့် Media နှင့်မျှ အစားထိုး၍ မရနိုင်သည့် Media လက်နက်တစ်ခုမှာ နိုင်ငံတိုင်းမှ အမည်နာမအမျိုးမျိုးဖြင့် ပုံနှိပ်ထုတ်ဝေဖြန့်ချိနေသော နေ့စဉ်ထုတ်သတင်းစာများပင်ဖြစ်ပါသည်။ သတင်းစာသည် တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီး၊ နေရာဒေသအသီးသီးတွင် နေထိုင်ကြသည့် လူမျိုးဘာသာပေါင်းစုံတို့ အသုံးပြုပြောဆိုရေးသားနေသော ဘာသာစကားတွေ မည်မျှပင်ကွဲပြားစေကာမူ ဖော်ပြပါ တိုင်းပြည်နေရာဒေသနေပြည်သူတွေ၏ နား၊ မျက်စိ ဖြစ်သလို ယဉ်ကျေးမှုနှင့်အခြားကဏ္ဍပေါင်းစုံအတွက် လိုအပ်သော ဗဟုသုတနှင့် အတွေးအခေါ်များအား နေ့စဉ်ဖတ်ရှုရရှိနိုင်မည့် စာပေလည်း ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူတွေလိုလားတောင့်တနေသည့် ပုဂ္ဂလိကသတင်းစာအား အစိုးရသက်တမ်းနှုနယ်စဉ်မှာပင် ပြည်သူတို့၏ လိုအပ်ချက်အပေါ် အလေးထားဆောင်ရွက်ပေးမှုတစ်ခုအဖြစ် ၁-၄-၂၀၁၃ရက်နေ့တွင် ပုံနှိပ်ထုတ်ဝေနိုင်ရန် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်မှ အရှိန်ကို မရပ်မဆိုင်း နောက်ပြန်လှည့်မည်မဟုတ်ကြောင်း ထူးခြားကောင်းမွန်လေးနက်သည့် သက်သေပြမှုတစ်ခုပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လက်ရှိလူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာလည်း ကျေးလက်နေပြည်သူများဖြစ်၍ ထုတ်ဝေခွင့်ရရှိမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူတွေအတွက် ကောင်းမွန်သောစာရိတ္တနှင့် ယဉ်ကျေးမှုများ တိုးတက်ထွန်းကားလာစေရန် ရည်ရွယ်၍ ပိုမိုပွင့်လင်းမြင်သာသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာရန်နှင့် စတုတ္ထမဏ္ဍိုင်၏ ခိုင်မာသော ကဏ္ဍသစ်တစ်ခုကို အုတ်မြစ်ချနိုင်ရန် ကြိုးစားဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မိသည်။

ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းစဉ်အပေါ် ခံယူကျင့်သုံးမှုမလွဲမှားစေရန်နှင့် ပြည်သူတို့၏ လိုအပ်ချက်အပေါ် အထူးဂရုပြုအာရုံစိုက်လုပ်ဆောင်ပေးမှုအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ထုတ်ဝေခွင့်ရ လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများအနေဖြင့် ယဉ်ကျေးမှုအပေါ် အရောင်ဆိုးလွှမ်းမိုးမှုနှင့်အညှီအဟောက်ကင်းသော သုတနှင့်ရသစုံသတင်းများဖတ်ရှုနိုင်ရန် Media လောက၏ အဓိကကျသော စာနယ်ဇင်းကျင့်ဝတ် (Code of ethics)နှင့်အညီ ထုတ်ဝေဖြန့်ချိပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

လွန်စွာယဉ်ကျေးသိမ်မွေ့နက်ရှိုင်းလှသော မြန်မာတို့၏ ယဉ်ကျေးမှုများသည် ခေတ်ကာလရွေ့လျားကြာညောင်းလာသည်နှင့်အမျှ တိုင်းတစ်ပါးတို့၏စာပေ၊ ရုပ်ရှင်၊ ဂီတယဉ်ကျေးမှုများအပေါ် ပုံတူကူးချခြင်းလွန်ကဲမှုကြောင့် "ကပြား"ယဉ်ကျေးမှုများ တဖြည်းဖြည်းလွှမ်းမိုးလာကာ အာစရိယဂိုဏ်းဝင်ဆရာများကိုပင် ခေါင်းညွတ်အရိုအသေပေးမှုများမတွေ့တော့သည့်အပြင် ဝတ်စားဆင်ယင်မှုနှင့် နေထိုင်ပြောဆိုဆက်ဆံပုံများမှာလည်း အခြားတိုင်းတစ်ပါးယဉ်ကျေးမှုနှင့် တစ်ထပ်တည်းပြောင်းလဲဖြစ်ပေါ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တစ်စတစ်စဖြင့် တိမ်မြုပ်လုနီးပါးဖြစ်လာသော ယဉ်ကျေးမှုကို နောင်လာနောက်သားများ စာပေနယ်ပယ်တွင်သာမက လက်တွေ့ဘဝတွင် မျက်ဝါးထင်ထင်တွေ့မြင်နိုင်ရန်အတွက် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုသော စကားပုံအတိုင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်ရှိမြင်တွေ့နေရသေးသည့်ယဉ်ကျေးမှုအားဆက်လက်ထိန်းသိမ်းရန်နှင့် တိမ်မြုပ်လုနီးပါးယဉ်ကျေးမှုများအား တဖြည်းဖြည်း ပြန်လည်ထုတ်ဖော်အသက်သွင်းပြသနိုင်ရန် လွှတ်တော်မှလည်းကောင်း၊ စာပေလောကသားများဘက်မှလည်းကောင်း "ယဉ်ကျေးမှု" ကိုအလေးထားစေရေးအတွက် မီးမောင်းထိုးညွှန်ပြပေးကြပါရန် ကောင်းမွန်သော စိတ်စေတနာဖြင့် အပြုသဘောဆောင်ရေးသားတင်ပြအပ်ပါသည်။ ။

ယာဉ်အန္တရာယ် ကင်းဝေးစေရေး စည်းကမ်းလိုက်နာပေး

နေပြည်တော် မတ် ၁၈

နေပြည်တော် ကောင်စီနယ်မြေအတွင်းနှင့် နိုင်ငံတစ်ဝန်းလုံး၌ မကြာခဏဆိုသလို ဆိုင်ကယ်/မော်တော်ယာဉ်မတော်တဆတိုက်မှုများကြားရ/မြင်နေရပါ၍ အခင်းဖြစ်စဉ်များကို လေ့လာသုံးသပ်ကြည့်ရာ ယာဉ်စည်းကမ်းနှင့်အညီ အချက်ပြမီးအသုံးမပြုခြင်း၊ လမ်းစည်းကမ်းမလိုက်နာခြင်းတို့ကြောင့် ယာဉ်အန္တရာယ်ဖြစ်ပေါ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ယာဉ်အန္တရာယ်လျော့နည်းရေး သုတေသီများသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၁၂ ခုနှစ်အတွင်း ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကြောင့် လူပေါင်း ၁ ဒသမ ၂ သန်းခန့်သေဆုံးရသလို လူသန်း ၅၀ နီးပါးခန့် ဒဏ်ရာရကြောင်းလေ့လာတွေ့ရှိရ၍ ၂၀၁၁ မှ ၂၀၂၀ ခုနှစ်အတွင်း ဆယ်စုနှစ် ယာဉ်အန္တရာယ် လျော့နည်းစေရေးကာလအဖြစ်သတ်မှတ်ပြီး ပညာပေးခြင်း တားဆီးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် နိုင်ငံတစ်ဝန်းတွင် ဆိုင်ကယ်/မော်တော်ယာဉ် မောင်းနှင်သူများသည် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ အချက်ပြမီးများအား ကွေ့လိုလျှင်ဖြစ်စေ၊ ယာဉ်ကြောပြောင်းလိုလျှင်ဖြစ်စေ ၃၀ ဒသမ ၅ မီတာ (ပေ-၁၀၀)အကွာမှ ကြိုတင်အချက်ပြမီးကို မှန်ကန်စွာ အသုံးပြုခြင်း၊ မီးပွိုင့်မရောက်မီအရှိန် လျှော့မောင်းနှင်၍ ရပ်မျဉ်းရပ်နားခြင်း၊ မိမိမောင်းနှင်သော ယာဉ်ကြောကိုမှန်ကန်စွာ မောင်းနှင်ခြင်း၊ မီးပွိုင့်ပျက်လျှင်ဖြစ်စေ၊ ယာဉ်ကြောထိန်းသိမ်းသူမရှိလျှင်ဖြစ်စေ အဝိုင်းပတ်များတွင် အရှိန်လျှော့၍ (ရပ်၊ ကြည့်၊ သွား) စနစ်ကျင့်သုံးခြင်းဖြင့် ယာဉ်အန္တရာယ်လျော့နည်းကင်းဝေးစေရန် ရည်ရွယ်ရေးသားလိုက်ပါသည်။

ကျော်သူရ(နေပြည်တော်)

ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.
မန္တလေး { ပထမအသုတ်ဦးရာလူလေယာဉ်ခုံ (၂၀၀) အတွက် (၆) သိန်းကျပ် / ဒုတိယသုတ် လေယာဉ်ခုံ (၁၅၀) ကိုဈေးနှုန်းထပ်မံ ထုတ်ပြန်ပါမည်။ }

စင်္ကာပူ + မလေးရှား (၁၁ သိန်း) / ဖူးခက်	၉ သိန်း	ဂယာ (၉ သိန်း) / ဂယာ (ဟိုတယ်)	၁၂ သိန်း
မန္တလေး + စင်္ကာပူ + မလေးရှား	၁၃ သိန်း	သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း
ပီနန်+လန်ကာဝီ+ Genting Highlands + KUL	၁၁.၅ သိန်း	ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၄ သိန်း
ဘာလီ (၁၀ သိန်း) / ကမ္ဘောဒီးယား	၆.၈ သိန်း	ပီကင်း+ရှန်ဟိုင်း +ကူမင်း+စူကျိုး+ဂွေ့ဝီ	၁၄.၅ သိန်း
ဘာလီ + စင်ကာပူ + မလေးရှား	၁၅ သိန်း	ကိုရီးယား(ဆိုးလ် + ဘူဆန် + ဂျေဂျူး)	၁၇ သိန်း
ကမ္ဘောဒီးယား + ဗီယက်နမ် (ဆိုင်ဂုံ၊ ဟနွိုင်း)	၁၁.၅ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ချင်းမိုင် + ရွှေတြိဂံ (၆.၅ သိန်း) / မလေးရှား	၆.၈ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
		ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ...)	၃၉ သိန်း
		နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန် (Cruise)	၄၀ သိန်း

သကြၤန်ခရီးစဉ် ပုံမှန်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်မှုကို နားလည်ပေးစေလိုပါသည်။
ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။
No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510281
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
outboundgandawun@gmail.com, www.myanmartravel.org Call Center : 1875

ရောင်းရန်ရှိသည် (Good Second Hand)
၁။ ရေသန့်ရေခဲစက် (Thailand 20 Ton/day)
၂။ အသင့်စားခေါက်ဆွဲစက် (Taiwan 250 Bag/day)
၃။ ရိုးရိုးခေါက်ဆွဲစက် (Local T20 Bag/day)
၄။ စတီးမွှေစက်ကြီး (China 1200 Kg/batch)
Robbin Mixer
၅။ အချိုရည်ပုလင်းများတွင် အသုံးပြုနိုင်သော သတ္တုဖုံးများ
(က) Crown Cork
(ခ) R.O.P.P (29.5 x 35) mm
(31.5 x 18) mm
၆။ 280 ml ဖန်ပုလင်းခွံများ
၇။ အမိုးနီးယားအိုးခွံများ
သင့်တင့်သောဈေးများဖြင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန် ၀၉-၈၆၂၀၅၉၃

ပြည်တွင်းရေးရာ

○ **ပြည်ထောင်စုလွှတ်တော်မှ**

ဈေးကွက်တွေလည်း အပါအဝင် ဖြစ်ပါတယ်၊ အထူးသဖြင့် လူအများ အပြားလုပ်ကိုင်နိုင်မယ့် အသေးစားနဲ့ အလတ် စားစက်မှုလုပ်ငန်းတွေမှာ ကျွန်တော်တို့ နိုင်ငံသားအများအပြား ပါဝင်စေလိုပါတယ်၊ ဒါဆိုရင် အချိုးအစား ကို (၈၀)ရာခိုင်နှုန်း၊ (၂၀) ရာခိုင်နှုန်းပေးမှသာ နိုင်ငံသားများများ အကျိုးတူလုပ်ကိုင်ခွင့်ရမှာ ဖြစ်ပါတယ်၊ အရေးကြီးတာက အချိန်ကာလ ကန့်သတ်ချက်ဖြစ်ပါတယ်၊ အရင်းအနှီးနဲ့ ဈေးကွက်ခိုင်မာလာပြီဆိုရင်တော့ အချိုးအစားကို တိုးမြှင့် သတ်မှတ်ခြင်းဖြင့်လည်း ကာကွယ်ပေးနိုင်ပါတယ်၊ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များများ ပါဝင်လုပ်ကိုင်နိုင်ဖို့လိုလားပါတယ်”ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာအပိုင်း(၂)ကို ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းထွန်းစိန်က ရှင်းလင်းတင်သွင်းခဲ့သည်။

၎င်းအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများသည် ခက်ခဲပင်ပန်းစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေရသော အခြေခံလူတန်းစားများဖြစ်ကြောင်း၊ မြေယာသိမ်းဆည်းခံရမှု ကိစ္စရပ်သည် ခက်ခဲနက်နဲပြီး ရှုပ်ထွေးသောကိစ္စရပ်ဖြစ်သည့်အတွက် သက်ဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိသူများ အနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်/ညွှန်ကြားချက်များနှင့်အညီ တိကျမှန်ကန်စွာ လေးစားလိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ တောင်သူလယ်သမားများ၏ဘဝကို စာနာထောက်ထားစွာဖြင့် နစ်နာမှုမရှိအောင် ဖြေရှင်းဆောင်ရွက်ပေးသင့်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ ဆင်ခြင်သုံးသပ်ပြီး လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများနှင့် တောင်သူလယ်သမားများ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးကိုလည်း ထည့်သွင်းစဉ်းစားဆုံးဖြတ်သင့်ကြောင်း၊ လူနေမှုဘဝပျက်ယွင်းသွားသော တောင်သူလယ်သမားများ၏ဘဝများ ပြန်လည်ထူထောင်နိုင်ရန်နှင့် နစ်နာမှုမရှိစေရန်အတွက် ထိုက်တန်သည့် လျော်ကြေးပေးခြင်းနှင့် အခြားအခွင့်အရေးများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်းက “ကော်မရှင်ရဲ့ အစီရင်ခံစာဟာ သက်ဆိုင်ရာ ကဏ္ဍအလိုက် စစ်ဆေးစုံစမ်းပြီးသမျှကို အသေးစိတ်တင်ပြထားတာဖြစ်လို့ ပြည့်စုံမှုရှိပါတယ်၊ ကော်မရှင်က ဆက်လက်တင်ပြမယ့် အစီရင်ခံစာတွေမှာလည်း အခုလို ပြည့်ပြည့်စုံစုံ တင်ပြနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ကော်မရှင်ရဲ့ သုံးသပ်ချက်တွေဟာ မျှတမှုရှိလို့ တောင်သူလယ်မားတွေရဲ့နစ်နာမှုတွေအတွက် နိုင်ငံတော်အစိုးရဘက်က ပြန်လည်စိစစ် ဖြေရှင်းပေးသွားမယ်ဆိုရင် နိုင်ငံတော်နဲ့ပြည်သူတွေအတွက် အလွန်အကျိုးရှိတဲ့ အစီရင်ခံစာဖြစ်မယ်လို့မြင်ပါတယ်”ဟု အစီရင်ခံစာအပေါ် သုံးသပ်ပြောပြခဲ့သည်။

ထို့အတူ **၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်၌ဆွေးနွေးရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းပြီး ယင်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများကို လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက ပြည်သူ့ထံမှရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် အလေအလွင့်မရှိစေရေး၊ ထိထိရောက်ရောက် အသုံးပြုနိုင်ရေးသည် အရေးကြီးဆုံးအချက်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် ပြီးစီးသွားသည့် လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို တာဝန်ရှိသူများ၊ လုပ်ငန်းကျွမ်းကျင်သူများနှင့်အတူ ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော်ကြရန် လိုအပ်ပါကြောင်း၊ နောင်လာမည့်လုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် ပွင့်လင်းမှုနှင့်ထင်သာ မြင်သာရှိရေး၊ အမှန်တကယ် လိုအပ်ချက်များကို ထိရောက်စွာအကောင်အထည် ဖော်နိုင်ရေးတို့အတွက် ယခုကဲ့သို့ညှိနှိုင်းပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ဆွေးနွေးရာတွင် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်အောင်အကောင် အထည်ဖော်ရာ၌ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းအများစုကို ပုဂ္ဂလိကပိုင်အဖြစ် အသွင်ကူးပြောင်းရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ အသုံးစရိတ်များကို လေ့လာသည့်အခါ စုစုပေါင်းပြည်သူ့ အသုံးစရိတ်၏(၂၅ ဒသမ ၅၆)ရာခိုင်နှုန်းကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် အသုံးပြုထားပြီး (၃၅ ဒသမ ၉၉)ရာခိုင်နှုန်းကိုမူ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် အသုံးပြုထားသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို များစွာမှီခိုရသောနိုင်ငံဖြစ်သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအတွက် ခွဲဝေပေးသည့် အသုံးစရိတ်သည် အင်မတန် နည်းပါးသည့်အတွက် လယ်ယာကဏ္ဍတိုးတက်လာရေးဆောင်ရွက်ရာတွင် ထိရောက်မှုရှိ၊ မရှိဆိုသည်ကို စဉ်းစားစရာဖြစ်နေပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို မတ် (၂၀)ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မိုင်းပြင်း မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မိတ္ထီလာမြို့ အထက(၂)စာဖြေဌာန၌ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသားကျောင်းသူများအား မတ် ၁၈ ရက် စာမေးပွဲမဖြေဆိုမီ တွေ့ရစဉ်။
(၅၇၉)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု ဆက်လက်ကျင်းပ

တပ်ကုန်း မတ် ၁၈

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှုကို ယနေ့နံနက်တွင် ဆက်လက်ကျင်းပခဲ့ရာ နေပြည်တော် တပ်ကုန်းမြို့နယ် စာဖြေဌာနလေးခုတို့တွင် ကျောင်းသားကျောင်းသူပေါင်း ၂၅၅၀ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

အဆိုပါ စာဖြေဌာနများတွင် ကျောင်းသားကျောင်းသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက လုံခြုံရေး စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ဇင်ဘို(ကြေးမုံ)**

ကမ္ဘာအေးဘုရားလမ်း လမ်းနီမှတ်တိုင်အနီးတွင် ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

ရန်ကုန် မတ် ၁၈

မတ် ၁၇ ရက် ည ၈ နာရီခွဲခန့်တွင် ကမ္ဘာအေးဘုရားလမ်း လမ်းနီမှတ်တိုင် အနီးတွင် လမ်းဖြတ်ကူးသည့် အမျိုးသမီးတစ်ဦးကို အငှားယာဉ်တစ်စီးက ဝင်ရောက်တိုက်မိမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ အမျိုးသမီးသည် ၎င်း၏ အမျိုးသားဖြစ်သူနှင့်အတူ တစ်ဖက်ကားလမ်းသို့ ဖြတ်ကူးရန် လမ်းလယ်တွင် ရပ်စောင့်နေစဉ် ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်လာသည့် အငှားယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် အဆိုပါ အမျိုးသမီးမှာ နေရာတွင်ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာအနီးမှ မျက်မြင်တွေ့ရှိသူ အခြားအငှားယာဉ်မောင်းတစ်ဦးက “လင်မယားနှစ်ယောက်လမ်းဖြတ်ကူးတာ မောင်းလာတဲ့ ကားက မီးမကောင်းလို့လား မသိဘူး။ အရှိန်တော့ တော်တော်ပြင်းတယ်၊ အဲဒီ အမျိုးသမီးကို တိုက်မိသွားတယ်၊ ယာဉ်မောင်းကိုလည်း အဲဒီနေရာမှာပဲ ဖမ်းမိသွားတယ်”ဟု ပြောသည်။

ယာဉ်တိုက်မှုကြောင့် အငှားယာဉ်မောင်းကို အဆိုပါ နေရာ၌ပင် သက်ဆိုင်ရာမှ ဖမ်းဆီးရမိခဲ့ပြီး သေဆုံးသွားသည့် အမျိုးသမီးရုပ်အလောင်းကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(အောင်သက်ကို)

အမျိုးသမီးတစ်ဦး မိမိကိုယ်မိမိ ဓာတ်ဆီလောင်းမီးရှို့သေဆုံး

နေပြည်တော် မတ် ၁၈

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် တိုက် (၄၃၁၇)အခန်း (၂၃)၌ မတ် ၁၇ ရက် နံနက် ၀၀ နာရီ ၃၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ နေပြည်တော် အမှတ်(၉)ရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဗဟိုစာတိုက်ကြီးမှ ဦးကျော်စွာမင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်သန်းထွေး အသက်(၃၃)နှစ်သည် ဓာတ်ဆီလောင်း၍ မိမိကိုယ်မိမိ မီးရှို့ပြီး မီးလောင်ဒဏ်ရာများနှင့် သေဆုံးသွားခဲ့ကြောင်း၊ ဦးကျော်စွာမင်းမှာ ဇနီးဖြစ်သူ မီးလောင်နေသည်ကို သိရှိသဖြင့် မီးငြိမ်းသတ်စဉ် ဝဲ/ယာလက်တို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံသို့ တင်ပို့ခဲ့ပြီး နေပြည်တော် အမှတ်(၉) ရဲစခန်းမှ သေမှုသေခင်းအမှတ် (၁/၂၀၁၃)ဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

●ရှေ့ဖုံးမှ
ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်က အစိုးရအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျ ဓနသဟာယနိုင်ငံ၏ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

မျိုးကောင်းမျိုးသန့်များနှင့် တွက်ခြေကိုက်မည့် မျိုးစေ့များ ရွေးချယ်စိုက်ပျိုး သွင်းအားစုများ စျေးနှုန်းမှန်ကန်စွာဖြင့် အသုံးချခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၈

မတ် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ ရန်အောင်မြင်ဘုရား၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် တန့်ဆည်မြို့မှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် တန့်ဆည်မြို့နေသူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသူများဖြစ်သောကြောင့် စိုက် ပျိုးရေးရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့် လယ်သမားများအတွက် တွက်ခြေကိုက်မည့်မျိုးစေ့များရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုများ စျေးနှုန်းမှန်ကန်စွာဖြင့် အသုံးချခွင့်ရရှိရေးတို့အတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာကုန်သွယ်ရေးမူဝါဒများနှင့် ပြည်တွင်း ကုန်သွယ်ရေးမူဝါဒများကို သိရှိနိုင်ရေးနှင့် တောင်သူလယ်သမားမျိုးဆက်သစ်များအတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သောသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိရိုးဖလာလုပ်ကိုင်နေသော လယ်ယာများကို စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် ကုန်ထုတ်လမ်းများ ပါဝင်သော ဓကွက်၊ ဟက်တာကွက်များ ဖော်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျစုဖွဲ့မွေးမြူပြီး မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့တရားဝင် တင်ပို့နိုင်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များကို တန်ဖိုးမြှင့်ပို့ကုန်များအဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြတ်လှမဥ္ဇူဘုရားသို့သွားရောက်ဖူးမြော်ပြီး အလှူငွေများပေးအပ်လှူဒါန်းကာ မြန်မာနိုင်ငံသားများဘဏ်(တန့်ဆည်ဘဏ်ခွဲ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်မြန်မာပြည်သန်းခေါင်စာရင်း ကောက်ယူရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၈

၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်း၏ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည့် စမ်းသပ်သန်းခေါင်စာရင်း လုပ်ငန်းအတွက် အောက်မြန်မာပြည် စာရင်းကောက်သင်တန်းကို ရန်ကုန်မြို့ (၃၇)လမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်အတွင်းရေးမှူးနှင့် ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်တက်ရောက် အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသန်းခေါင်စာရင်းသမိုင်း၊ ၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်အဆင့်ဆင့်၊ ၂၀၁၃ ခုနှစ် မတ်လတွင် မြို့နယ် ၂၀ ၌ဆောင်ရွက်မည့် စမ်းသပ်သန်းခေါင်စာရင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သန်းခေါင်စာရင်းတွင် စာရင်းစစ်၊ စာရင်းကောက်အဖြစ် တာဝန်ထမ်းဆောင်မည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍ၊ စာရင်းဇယားများမှန်ကန်မှုအတွက် အလေးထားဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် နှစ် ၃၀ မှ တစ်ခါ ကောက်ယူနိုင်သည့် သန်းခေါင်စာရင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

မစိုးရိမ်တိုက်သစ်ကြီးများ၏ ပဓာနမဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ အန္တိမအဂ္ဂိစျာပနပူဇာတေဇောဓာတ်ပူဇော်ပွဲ ကျင်းပမည်

မန္တလေး မတ် ၁၈

မစိုးရိမ်တိုက်သစ်ကြီးများ၏ ပဓာနမဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) သက်တော် (၈၀)သိက္ခာတော် (၆၀)၏ အန္တိမအဂ္ဂိစျာပနပူဇာတေဇောဓာတ်ပူဇော်ပွဲအား မန္တလေးမြို့ ရှမ်းကလေးကျွန်းမြောက်ဘက် ဧရာဝတီမြစ်ကမ်းဘေးတွင် တပေါင်းလပြည့်ကျော် ၂ ရက် (မတ် ၂၈ ရက်)ကြာသပတေးနေ့တွင် ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ရေစက်ချအခမ်းအနားကျင်းပမည်ဖြစ်သည်။

အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကျင်းပမည့် တပေါင်းလပြည့်နေ့၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂ ရက် နံနက် ၁၀ နာရီတွင် ပင့်သံဃာတော်များနှင့် မစိုးရိမ်တိုက်ကြီးများမှ သံဃာတော်များ၊ ကျောင်းသားဟောင်း သံဃာတော်အပါး ၄၅၀၀ ခန့်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းလောင်းလှူဆက်ကပ်မည်ဖြစ်သည်။

အန္တိမအဂ္ဂိစျာပနပူဇော်ပွဲဓမ္မသဘင်ကိုလည်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်း၊ သပြေုးရပ် မစိုးရိမ်တိုက်သစ် ဓမ္မမဟိဒ္ဓိကျောင်းတော်ကြီး ပထမထပ်၌ ကျင်းပသွားမည်ဖြစ်ရာ မတ် ၂၂ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ မတ် ၂၃ ရက်တွင် ဝါခင်းကုန်းဆရာတော် ဦးတိက္ခ၊ မတ် ၂၄ ရက်တွင် ခင်မကန်တိုက် မိုးတားဆရာတော် ဦးသူရိယာဘိဝံသ၊ မတ် ၂၅ ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ၊ မတ် ၂၆ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသတို့မှ ညစဉ် ၈ နာရီတိတိ အချိန်တွင် တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။

(ဝ၀၂)

ရေတွင်းသန့်ရှင်းရေး

ရန်ကုန် မတ် ၁၈

ရေတွင်းနှင့်အိမ်သာများသည် မြို့နယ်များတွင် မရှိမဖြစ်သော အရာများဖြစ်ကြသည်။ တစ်ဝင်းတည်းရှိပါက မစင်တွင်းမှ အညစ်အကြေးများ၊ ပိုးမွှားများ ရေတွင်းရှိရေထဲသို့ မစိမ့်ဝင်နိုင်ရန် တစ်ခုနှင့်တစ်ခု အနည်းဆုံးပေ ၅၀ ဝေးကွာရန်လိုအပ်ပါသည်။

ယခုခေတ်အိမ်ဝင်းများမှာ ပေ ၅၀ ကွာလောက်အောင် မကျယ်တော့ပါ။ တစ်ဝင်းနှင့်တစ်ဝင်း ကပ်နေပြီး ရေတွင်း၊ အိမ်သာများမှာလည်း ရှိသင့်သောအကွာအဝေးမရှိတော့ပါ။

ထိုသို့ မစင်တွင်းမှအညစ်အကြေး၊ ပိုးမွှားများ မိမိသောက်သုံးနေသော ရေတွင်းများသို့ စိမ့်ဝင်၊ မဝင် လွယ်ကူစွာစမ်းသပ်နိုင်ပါသည်။ စမ်းသပ်လိုသော အိမ်သာတွင်းထဲသို့ ရေနံဆီ သို့မဟုတ် ဒီဇယ်ဆီနို့ဆီတစ်ဘူးခန့် လောင်းထည့်ပါ။

နောက်ရက်အနည်းငယ်အကြာ မိမိရေတွင်းရေတွင် ရေနံဆီ(သို့) ဒီဇယ်ဆီနံ့ရနေပါက မစင်တွင်းမှ အညစ်အကြေးများ၊ ပိုးမွှားများ မိမိရေတွင်းသို့ စိမ့်ဝင်နိုင်၍ အမြန်ပြုပြင်ရန်လိုပါသည်။ မတတ်နိုင်ပါက ရေတွင်းရေကို သေချာစွာစစ်ပြီး ကျိုချက်သောက်သင့်ပါသည်။

ဒေါက်တာခင်မောင်အေး (ဇီဝိတ)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနယ်မြေအတွင်း ကျေးရွာများသို့ မြေယာလျော်ကြေး ဆက်လက်ပေးအပ်

နေပြည်တော် မတ် ၁၈

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း အဖွဲ့များသည် လက်ပံတောင်းတောင်စီမံကိန်းနယ်မြေနှင့် ကျေးရွာများသို့ ဆောင်ရွက်ပေးရန်တို့ကို ကွင်းဆင်းလေ့လာ ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့အနေဖြင့် မတ် ၁၇ ရက်တွင် ဖောင်းကတာနှင့် ရွာရှည်ကျေးရွာအုပ်စုမှ တောင်သူ ၁၁၁ ဦးအား မြေယာလျော်ကြေးငွေကျပ် ၃၃၅၁ သိန်းကျော် ထပ်မံပေးအပ်ခဲ့သဖြင့် မတ် ၁၆ ရက် နှင့် ၁၇ ရက် နှစ်ရက်အတွင်း စုစုပေါင်းတောင်သူ ၁၆၃ ဦးအား မြေယာလျော်ကြေး ငွေကျပ် ၅၅၉၈ သိန်းကျော်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒိုက်ဦးမြို့နယ်ရှိ ပုလဲသွယ်နွေ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၌ ယခုနှ
ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာရှိ ပုလဲသွယ်စပ်မျိုး နွေ
ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူး
စိုက်ပျိုးရေးအဖွဲ့ (FAO)၊ အပြည်ပြည်ဆိုင်ရာ ဆန်စ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်အတူ ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာရှိ တောင်သူ ဦးသိန်းမြင့်၏ ပုလဲသွယ်နွေစပါး ဧက ၂၃၀ စိုက်ကွင်းသို့ သွားရောက်ကြပြီး ခေတ်မီအဆင့်မြင့် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် တလင်းပျောက်စနစ် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယင်းသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးဆိုင်ရာတို့ကို ရှင်းလင်းပြောကြားပြီး IRRI မှ Ms. Dr. Madona က ဒိုက်ဦးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သုတေသန လုပ်ဆောင်နေမှုများ၊ တောင်သူများအား မျိုးစေ့ထုတ်လုပ်ခြင်းမှသည် ရိတ်သိမ်းချိန်လွန်ကာလထိ နည်းပညာပေး ပူးပေါင်းကူညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ FAO ဌာနေကိုယ်စားလှယ် Ms. Bu Thi Lan က မြန်မာနိုင်ငံ၏ ဆန်စပါးအလားအလာနှင့် စားသုံးမှုနှင့် ဖူလုံမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် မျိုးသန့်ဇုန်များ ထူထောင်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက်
ဝန်ကြီးချုပ်က
ပုလဲသွယ် စ
လက်ဆောင်
နွေစပါးဧက
ခြွေလှေ့စက်မျ
ကို ကြည့်ရှုအာ
ဆက်လက်၍
ခပေါင်းဆည်
ပိတောက်ခင်
သွယ် စပ်မျိုး
၅၀၀ စိုက်ကွင်း
မျိုးစေ့ထုတ်လု
မိဘလိုင်း၊ အပ
လိုင်း (A) တို့
ကြည့်ရှုစစ်ဆေ
ပြည်ထောင်
စိုက်ကွင်းများ

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှု
ဖြေလျှော့မှုများပြုလုပ်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ယခင်က သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပေးလျက်ရှိသော ပညာရေးကင်းရှင်းချက်၊ အသင်းအဖွဲ့နှင့် အစည်းအရုံး ထောက်ခံစာများ၊ အမြတ်ခွန်ပုံစံ (၁၉)၊ ဝင်ငွေခွန်ပေးဆောင်မှု အထောက်အထားများ စသည်ဖြင့် ပူးတွဲလျက်လျှောက်လွှာပုံစံ ၁၄ ရွက်ကို ဖြည့်စွက်၍ လျှောက်ထားရကြောင်း၊ အဆင့်ဆင့်စိစစ်ရသောကြောင့် တစ်လခန့်ကြာမှသာ မြန်မာနိုင်ငံကူး လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ အထောက်အထားများကို ပူးတွဲလျက်လျှောက်ထားရန် မလိုတော့သဖြင့် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသည့် လျှောက်လွှာများကို ပုံစံ ၁၄ ရွက် ဖြည့်သွင်းခဲ့ရာမှ လျှောက်လွှာပုံစံ ငါးရွက်ထိ လျှော့ချခဲ့ကြောင်း၊

သတ်မှတ်ကာ
တစ်လခန့်ကြာ
၁၀ ရက်အတွ
စီမံဆောင်ရွက်
အပြင် မြန်
လျှောက်ထား
ငွေကျပ် ၂၃၀
တော့မည်ဖြစ်
ပြည်ထဲရေးဝန်
ကူးလက်မှတ်
ဖြေလျှော့မှုမျ
လျက်ရှိရာ
ဘက်မှလည်း
မှတ်တမ်းပုံစံမျ
ဖြည့်စွက်လျှော
အမှုတွဲများမကြ
ဆောင်ရွက်ပေ
ကြားပွဲစားများ
သည်
မသမာမှု ဖြစ်
ကိုယ်တိုင်
ရိုးရှင်းလွယ်ကူ

ဒိုက်ဦးမြို့နယ်ရှိ ပုလဲသွယ်နှေစပါး ဧက ၂၃၀ စိုက်ခင်း စက်ကွက်ရိတ်သိမ်းပွဲကျင်းပ

နေပြည်တော် မတ် ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများအတွက် အထွက်နှုန်းတိုးဈေးကွက်ဝင်မည့် မိုးစပါးနှင့်နွေစပါးများ တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး၌ ယခုနှစ်နွေစပါးဧကနှစ်သိန်းငါးသောင်းကျော်စိုက်ပျိုးပြီးရာ မတ် ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာရှိ ပုလဲသွယ်စပ်မျိုး နွေစပါးဧက ၂၃၀ စံပြရိတ်သိမ်းပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့သည် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနအဖွဲ့ (IRRI) တို့မှ ဌာနေကိုယ်စားလှယ်များနှင့်အတူ တက်ရောက်အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းနှင့်အတူ ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာရှိ တောင်သူ ဦးသိန်းမြင့်၏ ပုလဲသွယ်နွေစပါး ဧက ၂၃၀ စိုက်ကွင်းသို့ သွားရောက်ကြပြီး ခေတ်မီအဆင့်မြင့် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် တလင်းပျောက်စနစ် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ယင်းသို့ သွားရောက်စဉ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးဆိုင်ရာတို့ကို ရှင်းလင်းပြောကြားပြီး IRRI မှ Ms. Dr. Madona က ဒိုက်ဦးမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ သုတေသန လုပ်ဆောင်နေမှုများ၊ တောင်သူများအား မျိုးစေ့ထုတ်လုပ်ခြင်းမှသည် ရိတ်သိမ်းချိန်လွန်ကာလထိ နည်းပညာပေး ပူးပေါင်းကူညီပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ FAO ဌာနေကိုယ်စားလှယ် Ms. Bu Thi Lan က မြန်မာနိုင်ငံ၏ ဆန်စပါးအလားအလာနှင့် စားသုံးမှုနှင့် ဖူလုံမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မျိုးကောင်း မျိုးသန့်ရရှိရေးအတွက် မျိုးသန့်ဇုန်များ ထူထောင်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့များ လက်ဆောင်ပေးအပ်ပြီး ပုလဲသွယ် နွေစပါးဧက ၂၃၀ တွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ခပေါင်းဆည် ရေသောက်စနစ် ပိတောက်ခင်ကျေးရွာအနီးရှိ ပုလဲသွယ် စပ်မျိုးစပါးမျိုးစေ့ထုတ်ဧက ၅၀၀ စိုက်ကွင်းသို့ သွားရောက်ကြပြီး မျိုးစေ့ထုတ်လုပ်ငန်းနှင့် စပ်မျိုးစပါး မိဘလိုင်း၊ အဖိုလိုင်း (R)နှင့် အမလိုင်း (A) တို့၏ ပန်းပွင့်ရက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် စိုက်ကွင်းများသို့ ရောက်ရှိစဉ် ပုလဲသွယ်စပ်မျိုးစပါးကို သုတေသနပြု ထုတ်လုပ်ရာတွင် မျိုးစေ့ဖြန့်ဖြူး ထုတ်လုပ်ခြင်းမှသည် ရိတ်သိမ်းပြီး ခေတ်မီဆန်စက်များဖြင့် ကြိတ်ခွဲ၍ ပြည်ပတင်ပို့ ရောင်းချသည်အထိ စ-လယ်-ဆုံးကို နိုင်ငံတော်အပိုင်း၊ ဝန်ထမ်းများအပိုင်း၊ ပုဂ္ဂလိကအပိုင်း၊ ဒေသဆိုင်ရာအစိုးရ အပိုင်းနှင့် အဓိက ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ အပိုင်းတို့မှ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် တစ်ရာသီပြီး တစ်ရာသီ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့တင်ပို့ရန် အတွက်ပါ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သုတေသန လုပ်ငန်းများကို ပြည်တွင်း ပညာရှင်များသာမက FAO, IRRI နှင့် ကုလသမဂ္ဂ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဤသို့ ဆောင်ရွက်ခြင်းသည် မိမိတို့ တစ်ဦးချင်းအကျိုးစီးပွားသာမက တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွား၊ အမျိုးသားရေး အကျိုးစီးပွားဖြစ်သည်ကိုလေးနက်စွာခံယူ၍ တောင်သူလယ်သမားဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို ဘက်စုံထောင့်စုံတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၈

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဉ္စမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်၊ (၃၈)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် စေတီတော်လိုဏ်တော်အတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား ပဋ္ဌာန်းကျမ်းစာအုပ်နှင့် ပဋ္ဌာန်းအိုးများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်များဦးဆောင်၍ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြကာ မတ် ၂၂ ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးတို့က စေတီတော်မြတ်ကြီး၌ အသံမစဲ မဟာပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ပျော်ပွဲရွှင်ပွဲ၊ ကြည့်ချင်ပွဲများအဖြစ် စေတီတော်ဝတ္တကမြေပွဲတော်ကွင်းတွင် မတ် ၁၈ ရက်မှ ၁၉ ရက်ထိ မဟာရန်ကုန်သဘင်အစွမ်းမိုးဆန်းပန်း အဆင့်မြင့်ဇာတ်သဘင်အဖွဲ့ကြီး၊ ၂၀ ရက်မှ ၂၂ ရက်ထိ သစ္စာမေတ္တာရွှေမန်းသဘင် ရွှေမန်းတင်မောင်၏မြေးများ ရွှေမန်းဝင်းဗိုလ်၏ ရင်သွေးငယ်မင်းသားလေးများ စည်သူဗိုလ်၊ သူရဗိုလ်၊ ရာဇာဗိုလ်တို့ညီအစ်ကိုအဖွဲ့၊ ၂၃ ရက်မှ ၂၄ ရက်ထိ မဟာရန်ကုန်အဆင့်မြင့်ဇာတ်သဘင်၊ အောင်ကျော်ဆန်းကတဲ့မင်းသားလေးများဇာတ်ပွဲ၊ ၂၅ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနအငြိမ့်၊ ၂၆ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အငြိမ့်၊ ၂၇ ရက်တွင် မဟာရန်ကုန် ဂီတရုပ်ရှင်ဇာတ်သဘင်အဖွဲ့တို့က ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားမှုတွင် အချိန်ကုန်၊ ငွေကုန်သက်သာမှုများရရှိရန် စနစ်ကျနမှုရှိစေရန်အတွက် ဖြေလျှော့မှုများပြုလုပ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ သတင်းထုတ်ပြန်

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ယခင်က သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပေးလျက်ရှိသော ပညာရေးကင်းရှင်းချက်၊ အသင်းအဖွဲ့နှင့် အစည်းအရုံး ထောက်ခံစာများ၊ အမြတ်ခွန်ပုံစံ (၁၉)၊ ဝင်ငွေခွန်ပေးဆောင်မှု အထောက်အထားများ စသည်ဖြင့် ပူးတွဲလျက် လျှောက်လွှာပုံစံ ၁၄ ရွက်ကို ဖြည့်စွက်၍ လျှောက်ထားရကြောင်း၊ အဆင့်ဆင့်စိစစ်ရသောကြောင့် တစ်လခန့်ကြာမှသာ မြန်မာနိုင်ငံကူး လက်မှတ်များကို ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ အထောက်အထားများကို ပူးတွဲလျက်လျှောက်ထားရန် မလိုတော့သဖြင့် မြန်မာနိုင်ငံကူး လက်မှတ် လျှောက်ထားသည့် လျှောက်လွှာများကို ပုံစံ ၁၄ ရွက်ဖြည့်သွင်းခဲ့ရာမှ လျှောက်လွှာပုံစံ ငါးရွက်ထိ လျှော့ချခဲ့ကြောင်း၊ သတ်မှတ်ကာလကိုလည်း ယခင် တစ်လခန့်ကြာမြင့်ခဲ့ရာမှ ယခုအခါ ၁၀ ရက်အတွင်း ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားရာတွင် ယခုအခါ ငွေကျပ် ၂၃၀၀၀ ခန့်သာ ကုန်ကျတော့မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးများမှ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ လျှောက်ထားသူများဘက်မှလည်း မိမိတို့၏ ကိုယ်ရေးမှတ်တမ်းပုံစံများကို မှန်ကန်စွာဖြည့်စွက်လျှောက်ထားခြင်းအားဖြင့် အမှုတွဲများမကြန့်ကြာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းသည် ကုန်ကျစရိတ်များခြင်း၊ မသမာမှု ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ကိုယ်တိုင် ဆောင်ရွက်ကြရန်နှင့် ရိုးရှင်းလွယ်ကူသော စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စီမံထားရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့သည် ပြည်ပသို့သွားရောက်လိုသူများပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံကူး လက်မှတ်လျှောက်ထားသူ ဦးရေ ပိုမိုတိုးတက်များပြားလာခြင်း တို့ကြောင့် နေရာကျယ်ဝန်းပြီး သွားလာမှုလွယ်ကူသည့် ရန်ကင်းမြို့နယ် ပြည်ထဲရေး ဝန်ကြီးဌာန(ရုံးဟောင်း) မြေညီထပ်သို့ ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)** ထို့အပြင် မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေး(ရုံးခွဲ)ကိုလည်း ၂၀၁၂ ခုနှစ် ဇူလိုင် ၄ ရက်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ယင်းကဲ့သို့ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုအပေါ် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးများ ဖွင့်လှစ်၍ အချိန်နှင့် ငွေကုန်ကျမှုသက်သာအောင် ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေးစည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်ကြသည့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးမကောင်းသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ အစုအဖွဲ့ဖြင့် ပြည်ပနိုင်ငံများသို့ ဘုရားဖူး သွားရောက်လိုသူများ စသည်တို့အတွက်လည်း နိုင်ငံကူးလက်မှတ်များ လျှောက်ထားနိုင်ရေး Home Service (အိမ်တိုင်ရာရောက် နိုင်ငံကူးလက်မှတ်များ ဆောင်ရွက်ပေးသည့်စနစ်)ဖြင့် နယ်မြို့များအထိ သွားရောက်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံကူးလက်မှတ်လျှောက်ထားရာ၌ One Stop Service အဖြစ် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပြီး စက်ဖြင့်ဖတ်ရှုစစ်ဆေးခြင်းခံနိုင်သော မြန်မာနိုင်ငံကူးလက်မှတ်(MRP)များကို ခေတ်မီစက်ကိရိယာများဖြင့် ဌာနချင်းချိတ်ဆက် အသုံးပြုလာနိုင်သောကြောင့် မြန်မာနိုင်ငံကူး လက်မှတ်များအား ၁၀ ရက်အတွင်း ထုတ်ပေးနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၃-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃	တရားတော်
၇း၄၃	မြန်မာသံစဉ်ချိုနားဝင်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	ဇာတ်လမ်းတို
၄း၃၅	မြန်မာသံစဉ်ချိုနားဝင်
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟာသလွှင်ပြင်" ဒုတိယတွဲ (အပိုင်း-၈၇)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	သီချင်းဝိုင်း
၆း၃၀	**Football City Tour**
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာထက်ကဖန်ရဲတိုက် (အပိုင်း-၃၆)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -မိုးလေဝသသတင်း -ဟာသရုပ်စုံ -ယနေ့ညအတွက်မြဝတီ၏ -တေးလက်ဆောင် -(၆၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြား ဇာတ်လမ်း "အဖေနှင့်သားများ" (ဒုတိယပိုင်း) (ဇာတ်သိမ်း)

ဒါဖတ်ပြီးမှ ....မကွေးမှာထမင်းစားပါ

မကွေးလှမြင့်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်းကဝ ကျေးရွာအုပ်စု ဆူးလေကုန်းကျေးရွာနေ ဦးသောင်းမြင့် (၄၀)နှစ်သည် သူ၏ (၃)နှစ်အရွယ် သားငယ်နှင့်အတူ မတ် ၄ ရက်က မကွေးမြို့သို့လာကာ ချမ်းမြေ့ဆေးခန်းတွင် ဆေးစစ်ခံပြီး မတ် ၅ ရက်တွင် ရွာသို့ပြန်ရန် မကွေးမြို့ အဝေးပြေးကားကြီးဝင်းသို့လာရာ ကားကြီးဝင်းတောင်ဘက်အပေါက်ဝအရောက်၌ လမ်းဘေးထမင်းဆိုင်တစ်ဆိုင်မှ အမျိုးသမီးတစ်ဦးက ဦးသောင်းမြင့်အား လက်ဆွဲပြီး ဆိုင်ထဲခေါ်သွားခဲ့ကြောင်း၊ ဆိုင်ထဲ ရောက်ပြီး ထမင်းဖိုးရှင်းမှ မိမိအလိမ်ခံလိုက်ရကြောင်း သိသွားသည်။ နောင်တွင် မိမိလိုတစ်နယ်တစ်ကျေးမှ လာရောက်သူများ မိမိလို အလိမ်မခံရအောင် မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းသို့ လာရောက်ပြီး ထုတ်ဖော်တင်ပြခြင်းဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

ဦးသောင်းမြင့်က “ကျွန်တော်ဟာ ဆိပ်ဖြူမြို့နယ် မြင်းကဝ အုပ်စု ဆူးလေကုန်းကျေးရွာက ဖြစ်ပါတယ်။ နှလုံးရောဂါရှိလို့ မကွေးမြို့ “ချမ်းမြေ့” ဆေးခန်းကို နှစ်လ တစ်ကြိမ်၊ သုံးလ တစ်ကြိမ် ဆေးစစ်ဖို့ လာရပါတယ်။ မတ် ၅ ရက်မှာ ဆေးစစ်ပြီးလို့ရွာကိုပြန်ဖို့ ကျွန်တော်နဲ့ သားကလေး မောင်သန်းတိုးအောင်တို့ မကွေးမြို့ အဝေးပြေး ကားကြီးဝင်းကို လမ်းလျှောက်လာကြပါတယ်။ ကားကြီးဝင်း တောင်ဘက်ပေါက် အဝင်ဝလည်းရောက်ရော လမ်းဘေးထမင်းဆိုင်ထဲက အမျိုးသမီးတစ်ဦးထွက်လာပြီး ကျွန်တော့်လက်ကိုဆွဲပြီး ဆိုင်ထဲခေါ်သွားတယ်။ အထဲရောက်တော့ ထမင်းစားဖို့ပြောတယ်။ ဟင်းတွေစုံကြောင်း ပြောတယ်၊ ကျွန်တော်က ထမင်းကြော်တစ်ပွဲ ကြက်ဥနဲ့ ရှမ်းခေါက်ဆွဲတစ်ပွဲ မှာတယ်။ မစားခင်ထမင်းကြော်တစ်ပွဲဘယ်လောက်လဲ၊ ရှမ်းခေါက်ဆွဲ တစ်ပွဲ ဘယ်လောက်လဲလို့မေးတယ်။ အဲဒီအမျိုးသမီးက စားပြီးမှ ပြောမယ်လို့ပြောတယ်။ စားလည်းပြီးရော ထမင်းကြော်က ကျပ် ၂၅၀၀၊ ရှမ်းခေါက်ဆွဲက ကျပ်၁၅၀၀ တဲ့၊ အဲဒီမှာတင် ငါတော့ခံလိုက်ရပြီလို့ သိလိုက်တယ်။ ကျပ် ၄၀၀၀ ပေးလိုက်ရတယ်၊ လမ်းဘေးထမင်းဆိုင်တစ်ဆိုင်က မသိမကျွမ်းကျင်တဲ့ ခရီးသည်တွေအပေါ် လိမ်နည်းတစ်မျိုးပဲလို့ ခံစားလိုက်ရတယ်၊ ဒါနဲ့ ကျွန်တော်လည်း အနီးမှာရှိတဲ့ မထသ ရုံးကိုသွားပြီးပြောတော့ သူတို့က အမှတ်(၂) ရဲစခန်းကို သွားပါတဲ့၊ ဒီဆိုင်ဟာ ဒီလိုပဲ လိမ်ပေါင်းများပြီတဲ့၊ တစ်ခါက လူသုံးယောက် ထမင်းစားတာ ငွေငါးသောင်းရှင်းလိုက်ရလို့ ပြဿနာ ဖြစ်ဖူးတယ်တဲ့၊ ဒါနဲ့ ကျွန်တော်တို့သားအဖ ဆိုင်ကယ်ကယ်ရီကို ကျပ် ၅၀၀ ပေးငှားပြီး ရဲစခန်းသွားတယ်။ တာဝန်ကျ ရဲကြပ်ကြီးက “ရာဇဝတ်မှုမဟုတ်တော့ ခွကျတယ်တဲ့၊ စည်ပင်နဲ့ ဆိုင်တယ်၊ စည်ပင်ကိုသွားပါတဲ့”။ ကျွန်တော်တိုင်းစည်ပင်ရုံးကိုသွားတယ်၊ တိုင်းစည်ပင်ရုံးမှာ စာရေးမတစ်ယောက်နဲ့တွေ့တယ်၊ လူကြီးတွေမရောက်သေးလို့ ရုံးရှေ့ကအုတ်ခုံပေါ်မှာ ထိုင်စောင့်နေရတယ်။ ခဏနေတော့ ရုံးထဲက အသက်ကြီးကြီး လူတစ်ယောက်ထွက်လာတယ်။ ကျွန်တော်က သူ့ကို တိုင်တယ်၊ သူက ရယ်တယ်၊ နောက် သူက “ရယ်စရာတော့ ဖြစ်နေပြီ၊ အဲဒီဆိုင်က တော်တော်ကြာပြီ၊ ခံရတဲ့လူပေါင်းလည်း မနည်းတော့ဘူး”လို့ဆိုတယ်။ နောက် သူက ရုံးအနောက်ဘက်တိုက်တန်းမှာနေတဲ့ အမျိုးသမီးအရာရှိ တစ်ယောက်ဆီ ညွှန်တယ်၊ အရာရှိအမျိုးသမီးက “ဦးလေးတို့ပိုက်ဆံတော့ ပြန်ရချင်မှရမယ်၊ အဲဒီပိုင်ရှင်ကို ခေါ်တွေ့ပြီး သတိပေးလိုက်ပါမယ်၊ ကျွန်မတို့က (၂၅)မြို့နယ်က စည်ပင်ရုံးတွေကို အုပ်ချုပ်ရတာ”လို့လည်းပြောလိုက်တယ်။ ကျွန်တော်တို့လည်း အဝေးပြေး ကားကြီးဝင်းကို ခြေကျင်ပဲ သားအဖနှစ်ယောက် ပြန်လှည့်ခဲ့တယ်။ စိတ်ထဲမှာ စနိုးစနောင့်ကြီးဖြစ်နေတယ်၊ ဘဝင်မကျဘူး။ မတရားမှုတွေ ဖြေရှင်းမပေးနိုင်ဘူးလားလို့လည်း ခံစားနေရတယ်။ ဒါနဲ့ အဝေးပြေးကားကြီးဝင်းအနီး လမ်းထောင့်မှာရှိတဲ့ မထသ ရုံးကို ထပ်ဝင်တယ်၊ အဲဒီထဲက အသက်ကြီးကြီး လူတစ်ယောက်က အကြံပေးတယ်။ မကွေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းက လူကြီးတစ်ယောက်ကားဝင်းအရှေ့ဘက်မှာရှိတယ်။ သူ့ဆီသွားဆိုပြီး ညွှန်လိုက်လို့လာတာပါဗျာ၊ သတင်းထဲထည့်ပေးပါဗျာ၊ ဒါမှ သူတို့ဆက်ပြီး အတင့်မရဲတော့မှာ၊ ကျွန်တော့်လို အလုပ်သမားတစ်ယောက်အတွက် ငွေကျပ် ၄၀၀၀ ဆိုတာ မနည်းပါဘူး။ ဆိပ်ဖြူဟိုဘက် ကံဇွန်းမဘက်သွားပြီး အလုပ် လုပ်ရတယ်။ မိုးလေဝသ မညီညွတ်တဲ့အခါ ကပစ(၂) ကံဇွန်းမဘက်သွားပြီး မြေကျင်းတူးစားရတာ။ တစ်နေ့လုပ်မှ ငွေကျပ် ၂၀၀၀ ပဲရတာ၊ အော် မေ့လို့ မေ့လို့ စားသောက်ဆိုင်နာမည်က “ခင်မင်သူ” တဲ့ဗျာ”. . . ဟု ရင်ဖွင့်သွားသည်။ ။

မူလတန်းကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးမည်

မန္တလေး မတ် ၁၈

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များမှစတင်၍ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငယ်ရွယ်စဉ်မှစ၍ နွားနို့နေ့စဉ်သောက်သုံးရန်၊ နွားနို့ပိုမိုထွက်ရှိလာစေရေးအတွက် နို့စားနွားမွေးမြူရေးပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မတ် ၉ ရက် မွန်းလွဲ ၂ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးစီးဌာနလုပ်ငန်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ တိရစ္ဆာန်သန်းခေါင်စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၇ သန်းတွင် နို့စားနွားကောင်ရေငါးသိန်းသာရှိကြောင်း၊ နို့စားနွားမွေးမြူထုတ်လုပ်ရေး၊ အသားစားနွား၊ ခိုင်းနွား မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ဦးစီးဌာနနှင့်ပူးပေါင်းပါဝင်စေလိုကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်များ နို့တိုက်ကျွေးရေးအစီအစဉ်(School Milk Program) ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ဇွန်လမှစတင်၍ သုံးနှစ်ဆက်တိုက် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မူလတန်းကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးသွားမည် ဖြစ်ကြောင်း သိရသည်။

သီဟကိုကို (မန္တလေး)

ရက် (၁၀၀)စပ်မျိုးစပါးနှင့် ပုလဲသွယ်စပ်မျိုးစပါးများ တောင်ပိုင်းခရိုင် (အရှေ့)တွင် အောင်မြင်ဖြစ်ထွန်း

ကျောက်တန်း မတ် ၁၈

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (စိုက်ပညာ) ဦးနိုင်ကြည်ဝင်းသည် မတ် ၁၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များတွင် သိပ္ပံနည်းကျပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော ပုလဲသွယ် ရက်(၁၀၀)စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေသည့် စံပြစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ သန်လျင်မြို့ ညောင်သုံးပင်ကျေးရွာ သမဝါယမတက္ကသိုလ် ၁၀ ဧက စံပြကွက်တွင် ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်ရက် (၁၀၀)စပ်မျိုးစပါးများကို စစ်ဆေးကြည့်ရှုကြပြီး စစ်ပင်ကွင်းကျေးရွာနေ ဦးမြင့်ဦး (နေ-လ)၏ ပုလဲသွယ် ၁၀ ဧက စံပြကွက်နှင့် စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေး ပုလဲသွယ် ၁၀ ဧက စံပြကွက်များသို့ ကွင်းဆင်းကြည့်ရှုကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး (စိုက်ပညာ)နှင့် အဖွဲ့သည် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းပညာပေးစခန်း၊ သုံးခွမြို့နယ် မျိုးသန့်ခြံနှင့် ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာမှ တောင်သူ ဦးခိုင်ဇော်၏ အဆင့်မြင့်လယ်ယာ ပုလဲသွယ် ၁၀ ဧက စံပြကွက်များကို ကွင်းဆင်းကြည့်ရှုပြီး မိမိတို့ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိသော မျိုးသန့်ဇုန်များ စိုက်ပျိုးထုတ်လုပ်ရန်နှင့်အဆင့်မြင့်လယ်ယာများ ဖော်ထုတ်ရန်၊ စပ်မျိုးစပါးအပါအဝင် စပ်မျိုးသီးနှံများ စိုက်ပျိုးရေးနည်းပညာများကို ဝန်ထမ်းများကိုယ်တိုင် ကျွမ်းကျင်ရန် လက်တွေ့ဆောင်ရွက်ကြပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ယုံယုံကြည်ကြည်လိုက်ပါဆောင်ရွက်လာအောင် ကြိုးပမ်းကြရန် မြို့နယ်စိုက်ပျိုးရေးဌာနဝန်ထမ်းများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(၇၄)

ဧော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ
သံမဏိလိုက်သည့် အဆင့်မြင့် စတီး ဘလိတ်ဓားသွားစူးကြိုးများကို
စျေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချ တပ်ဆင်ပေးနေပါသည်။
ရန်ကုန်အရောင်းခန်းမ - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ပေါင်မြို့နယ်။
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ - အမှတ်(၅၀၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း ၂၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ - အမှတ်(၁၅၄/B)၊ ၈၃လမ်းမကြီး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာစံမြို့နယ်။
Ph:02-73191, 09-5140655, 09-402571300

အခြေခံပညာဘက်စုံကိုယ်ပိုင်အထက်တန်းကျောင်း (ဘောက်ထော်၊ပြည်သာယာ)ရန်ကင်းမြို့နယ်။
၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံများ ထုတ်ယူနိုင်ပါပြီ။ ၀၁ ၄၀၀ ၄၅၁ ၊ ၀၉ ၇၃၀ ၃၄၅ ၀၁

လူမှုဖူလုံရေးစီမံကိန်းနှင့် စာချုပ်ဆေးရုံ၊ ဆေးခန်းစနစ်

လူမှုဖူလုံရေးဝန်ထမ်းတစ်ဦး

မြန်မာနိုင်ငံ လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေအရ ၁၉၅၆ ခုနှစ်က စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။ အခုချိန်မှာ နှစ်ပေါင်း(၅၆)နှစ်ကျော် ကြာမြင့်ပြီဖြစ်ပြီး စီမံကိန်းအောက်မှာ အကျုံးဝင်အလုပ်ဌာနပေါင်း လေးသောင်းကျော်နဲ့ အာမခံအလုပ်သမားပေါင်း ခြောက်သိန်းကျော်ကို လူမှုဖူလုံရေး အခွင့်အရေးများ ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါတယ်။ သို့ပေမယ့် ဒီအရေအတွက်ဟာ မြန်မာနိုင်ငံလူဦးရေရဲ့ တစ်ရာခိုင်နှုန်းကိုသာ အကျုံးဝင်သေးတာဖြစ်ပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံရဲ့ လူမှုဖူလုံရေးစီမံကိန်းကို လေ့လာကြည့်မယ်ဆိုရင် သူတို့ရဲ့စီမံကိန်းကို ၁၉၉၁ ခုနှစ်က စတင်ကျင့်သုံးခဲ့တာဖြစ်တဲ့အတွက် စီမံကိန်းသက်တမ်းဟာ (၂၁)နှစ်သာရှိသေးသော်လည်း အလုပ်ဌာနပေါင်း သုံးသိန်းကိုးသောင်းကျော်နှင့် အာမခံအလုပ်သမားပေါင်း ကိုးသန်းသုံးသိန်းကျော် အကျုံးဝင်နေကြောင်း တွေ့ရှိရပါတယ်။ ထိုင်းနိုင်ငံလူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းထိ အကျုံးဝင်နေတာကို တွေ့နိုင်ပါတယ်။

ဒီနေရာမှာ မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ဌာနပိုင်အလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်းပေါင်း ၉၂ ခန်းတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနေပြီး ထိုင်းနိုင်ငံမှာတော့ ကိုယ်ပိုင်ဆေးရုံ၊ ဆေးခန်းများမရှိဘဲ စာချုပ်ဖြင့် ငှားရမ်းလုပ်ကိုင်တဲ့ ကန်ထရိုက်ဆေးရုံကြီး ၂၄၃ ရုံ၊ ကန်ထရိုက်ဆေးခန်းပေါင်း ၂၂၂၀ ခန်းတို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနေတာကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံလူမှုဖူလုံရေးစီမံကိန်းကို နိုင်ငံတကာကျင့်သုံးမှုများနဲ့ နှိုင်းယှဉ်ကာ ဘက်စုံလေ့လာသုံးသပ်ပြီး နိုင်ငံတကာကျင့်သုံးမှုတွေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် လူမှုဖူလုံရေးဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ဥပဒေသစ်မှာ လက်ရှိဥပဒေဟောင်းမှာပါရှိတဲ့ အာမခံစနစ်များဖြစ်တဲ့

* အထွေထွေအရပ်ရပ် အာမခံစနစ်နဲ့
* လုပ်ငန်းခွင်ထိခိုက်မှု အာမခံစနစ်နှစ်ရပ်အပြင်
* အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ကြီးပင်စင်နဲ့ ကျန်ရစ်သူအကျိုးခံစားခွင့် အာမခံစနစ်
* အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်
* အခြားလူမှုဖူလုံရေးစနစ်(အိမ်ရာစီမံကိန်း)စတဲ့ အာမခံစနစ်များ တိုးတက်ပါဝင်လာပါတယ်။

ဒီလိုအာမခံစနစ်တွေ တိုးတက်ပါဝင်လာတဲ့အပြင် ငွေကြေးအကျိုးခံစားခွင့်များဟာလည်း အချိုးညီတိုးတက်ရရှိလာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်လာတာနဲ့အမျှ အာမခံအလုပ်သမားအရေအတွက်ဟာလည်း ကြီးမားများပြားလာတော့မှာဖြစ်ပါတယ်။

ဒီအခြေအနေမှာ များပြားလာတဲ့ အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့ဟာ အလွန်အရေးကြီးလှပါတယ်။ ဒါ့ကြောင့် လက်ရှိအလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများကို ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများထက် အဆင့်အတန်းမနိမ့်ကျစေရေးအတွက် အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေသလို ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများကိုလည်း စိတ်ဓာတ်ရေးရာ၊ ကျင့်ဝတ်ရေးရာ၊ တာဝန်ထမ်းဆောင်မှုဆိုင်ရာတွေမှာ အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက် မွမ်းမံသင်တန်းတွေ ဖွင့်လှစ်ပို့ချနေပြီ ဖြစ်ပါတယ်။

ဒီနေရာမှာ ဆေးရုံဆေးခန်းများကို အဆင့်မြှင့်တင်တယ်ဆိုတဲ့နေရာမှာ ငွေကြေးပမာဏနဲ့ အချိန်များစွာ လိုအပ်ပါတယ်။ ဝန်ထမ်းတွေကို အရည်အချင်း၊ အရည်အသွေး၊ ကျင့်ဝတ်စိတ်ဓာတ်စတာတွေ တိုးတက်မြင့်မားအောင်ပြုလုပ်တယ်ဆိုတာကလည်း ပိုပြီးတော့တောင် အချိန်လိုအပ်ပါတယ်။ နောက်တစ်ချက်က နေရာအနှံ့အပြားမှာ လူမှုဖူလုံရေးဆေးခန်းတွေ၊ အလုပ်သမားဆေးရုံတွေ မရှိသေးပါဘူး။ မဖွင့်နိုင်သေးပါဘူး။ ငွေကြေးအမြောက်အမြား လိုအပ်သလို ဝန်ထမ်းတွေလည်း ထပ်ပြီးခန့်ရန် လိုအပ်ပါတယ်။

ဥပမာ မင်းဘူး၊ မကွေးနဲ့ မုံရွာစတဲ့ဒေသတွေမှာ အလုပ်သမားဆေးရုံကြီးတွေ မရှိသေးပါဘူး။ ဒီလိုနေရာဒေသမျိုးမှာ လူမှုဖူလုံရေးဆေးခန်းနဲ့ ကုသမှုမပြီးစီးနိုင်လို့ ဆေးရုံတင်ကုသရမယ့် အခြေအနေမျိုးမှာ ရန်ကုန်အလုပ်သမားဆေးရုံကြီးကိုပို့မလား။ မန္တလေး အလုပ်သမားဆေးရုံကြီးကို ပို့မလား။ လူနာကရော သွားနိုင်ပါ့မလား။ ဒီနေရာမှာ ငွေကြေးကြောင့်၊ ခရီးစရိတ်ကြောင့် မသွားနိုင်တာရှိသလို ကျန်းမာရေးအခြေအနေကြောင့်၊ ခရီးရဲ့ပင်ပန်းမှုဒဏ်ကို မခံနိုင်တာမျိုးတွေလည်း ရှိပါတယ်။ ဒါကြောင့် ဒီဒေသမျိုးတွေမှာ အလုပ်သမားဆေးရုံကြီးတွေ ထပ်ဆောက်သင့်သလား။အခြားနိုင်ငံများမှာ ကျင့်သုံးသလို စာချုပ်ဆေးရုံ၊ ဆေးခန်းစနစ်ကျင့်သုံးမလား စဉ်းစားသင့်ပါတယ်။

နောက်စဉ်းစားစရာတစ်ခုက လူမှုဖူလုံရေးဆေးခန်းတွေဟာ ရုံးချိန်အတွင်းမှာပဲ တာဝန်ထမ်းဆောင်နိုင်ပါတယ်။ ဆေးရုံတွေလို ၂၄ နာရီတာဝန်ထမ်းဆောင်ဖို့ဆိုတာ ဝန်ထမ်းဦးရေ ထပ်တိုးဖို့လိုပါတယ်။ ဖွဲ့စည်းပုံ လုပ်ထုံးလုပ်နည်းတွေ အများကြီးပြင်ဆင်ဖို့၊ ရေးဆွဲဖို့ လိုအပ်ပါတယ်။ စက်ရုံ၊ အလုပ်ရုံ အလုပ်သမားတွေဟာ ရုံးချိန်အတွင်းပဲ ဆေးခန်းပြနိုင်ကြပြီး ရုံးချိန်ပြင်ပ ဆေးခန်းပြနိုင်ဖို့အတွက် လုပ်ငန်းက ခွင့်ယူဖို့ လိုအပ်ပါတယ်။ ခွင့်ယူပြန်ရင်လည်း အလုပ်ပျက်၊ ကုန်ထုတ်စွမ်းအား ကျဆင်းတဲ့အပြင် ရက်မှန်ကြေး ဖြတ်တောက်ခြင်းကိုလည်း ခံရလေ့ရှိတဲ့အတွက် မလွဲသာမှ ခွင့်ယူပြီးဆေးခန်းပြနိုင်ကြပါတယ်။

ဒီအခြေအနေမှာ အခြားနိုင်ငံများ ကျင့်သုံးကြတဲ့နည်းတူ စာချုပ်ဆေးရုံ၊ဆေးခန်းစနစ်ထူထောင်ရန် ကြိုးစားခြင်းဖြင့် အလုပ်သမားများအနေနဲ့ မိမိနှစ်သက်တဲ့အချိန်၊ နှစ်သက်တဲ့နေရာမှာ အလွယ်တကူ ကျန်းမာရေးကုသမှု၊ စောင့်ရှောက်မှု ခံယူခွင့်ရှိခြင်းဟာ အလုပ်သမားများရဲ့ အကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာ သိသာမြင်သာပါတယ်။ အလုပ်သမားဆေးရုံကြီး သုံးရုံနဲ့ ဆေးခန်း ၉၂ ခန်းက ဆေးကုသမှုများဟာ အလုပ်သမားများအတွက် အကျိုးမရှိ၍ စာချုပ်ဆေးရုံဆေးခန်းစနစ်ပြောင်းလဲခြင်း မဟုတ်ဘဲ အလုပ်သမားများ အဆင်ပြေမှုအတွက် စမ်းသပ်ကြိုးပမ်းခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့များမှာ ကိုယ်ပိုင်ဆေးရုံ၊ ဆေးခန်းမရှိကြဘဲ စာချုပ်ဆေးရုံ၊ ဆေးခန်းများဖြင့် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြတယ်ဆိုတာလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။

ဒီလိုစာချုပ်ဆေးရုံ ဆေးခန်းစနစ် စမ်းသပ်ထူထောင်နေတဲ့အချိန်မှာပဲ လူမှုဖူလုံရေးဆေးရုံ၊ဆေးခန်းများကို အဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းများကိုအရည်အသွေးပြည့်ဝအောင် လေ့ကျင့်ခြင်းတို့ ဆောင်ရွက်နေမှာ ဖြစ်ပါတယ်။ ဆေးကုသမှုဆိုင်ရာ မူဝါဒတွေကိုလည်း နိုင်ငံတကာကျင့်သုံးမှုများနဲ့အညီ ဖြစ်စေဖို့ ကြိုးပမ်းနေမှာ ဖြစ်ပါတယ်။ လူမှုဖူလုံရေးစီမံကိန်း တိုးတက်အောင်မြင်ရေးအတွက် အကြံဉာဏ်ကောင်းများပေးမယ်ဆိုရင် အမြဲပွင့်လင်းစွာ ဖိတ်ခေါ်နေပါကြောင်း တင်ပြအပ်ပါသည်။ ။

မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်းများသို့ EMOC Kit များပေးအပ်

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များသည် မတ် ၁၄ ရက် နံနက် ၈ နာရီတွင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ ရောက်ရှိလာပြီး အသင်း၏သားဖွားခန်း၌ လာရောက်မွေးဖွားသည့် မွေးပြီးလူနာ ငါးဦးနှင့် ကိုယ်ဝန်ဆောင် ၂၀ တို့အား အားဆေး၊ အာဟာရ၊ အနှီးပိတ်၊ စောင်များနှင့် တစ်ခါသုံး မွေးဖွားကိရိယာများပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် အရှေ့ပိုင်းခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများ ဆန်းစစ်ခြင်းနှင့် EMOC Kit ပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဖြူဖြူအေးက တစ်ခါသုံးမွေးဖွားကိရိယာများအသုံးပြုပုံအကြောင်း ရှင်းပြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက EMOC Kit များအသုံးပြုပုံကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက သားဖွားခန်းများအား ရေရှည်တည်တံ့ခိုင်မြဲပြီး အများပြည်သူ အားကိုးယုံကြည်ရသည့် သားဖွားခန်းတစ်ခု ဖြစ်လာစေရန်နှင့် အသင်း၏လုပ်ငန်းများအား တက်တက်ကြွကြွ ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး ဗဟိုမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ပေးအပ်သော EMOC Kit များအား အရှေ့ပိုင်းခရိုင်အတွင်းရှိ သားဖွားခန်းခုနစ်ခန်းသို့ ပေးအပ်လှူဒါန်းခဲ့ရာ ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးက လက်ခံရယူကြောင်း သိရသည်။

ဒေါပုံမြို့နယ်သားဖွားခန်းသို့ သာကေတမြို့နယ်မှ လာရောက်မွေးဖွားသည့် မသန်းသန်းနိုင်ကလည်း ဒေါပုံသားဖွားခန်းတွင် လာရောက်မွေးဖွားရသည်မှာ အဆင်ပြေကြောင်းနှင့် ဆင်းရဲသည့်သူများ မွေးဖွားပါကလည်း အခမဲ့မွေးဖွားပေးကြောင်း၊ ယခုလို ထောက်ပံ့ပေးခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ **(ကြည်ပြာအေး)**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဘီလပ်မြေစက်ရုံ(နေပြည်တော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘီလပ်မြေစက်ရုံ(နေပြည်တော်)၏ အောက်ဖော်ပြပါ မီးသင်းဖိုအမျိုးအစားတွင် ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးအားတစ်မျိုးစီသော်လည်းကောင်း၊ အချိုးကျရောစပ်၍သော်လည်းကောင်း၊ မီးထိုးအသုံးပြုနိုင်သည့် (Dual Bumer & Accessoires 1-Lot) အားဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းလိုသည့် ကုမ္ပဏီများအားဖိတ်ခေါ်အပ်ပါသည်။

- Kilin Capacity — 500 Cinker Ton /Day
- Process System — Wet Process System (Rotary Kiln)
- Cooler Type — Grate Cooler

၂။ တင်ဒါပုံစံများကို ၂၀-၃-၂၀၁၃ရက်မှ ၂၇-၃-၂၀၁၃ရက်အထိ အောက်ဖော်ပြပါနေရာများတွင်ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၄-၂၀၁၃ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထားပေးသွင်းရမည် ဖြစ်သည်။

(က) ဘီလပ်မြေစက်ရုံ(နေပြည်တော်)လယ်ဝေးမြို့နယ်
၀၁-၃၃၃၄၀၁၅၊ ၀၉-၅၀၀၀၃၃၀၊ ၀၉-၄၉၂၀၂၈၃၇၊ ၀၉-၆၅၂၀၂၃၅၊

(ခ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ(ဘီလပ်မြေအရောင်းဌာနခွဲ)
၀၆၇-၄၃၂၃၀၂၊ Fax-၀၆၇-၄၃၂၃၀၂

JADE Travels & Tours
ချောင်းသာအပန်းဖြေစခန်း
(၂ ညအိပ်၊ ၃ ရက်) စား၊ တည်း၊ ငြိမ်း
25.3.2013 - 55000/-
09-73123443,09-5179754,09-43177351

JADE Travel & Tours
ယန်းရွှေစက်တော်(တပေါင်းပွဲတော်)
26.3.2013 - 37000/-
09-73123443,09-5179754,09-43177351

မြေကွက်အမြန်ရောင်းရန်ရှိသည်
– V.I.P ကွက် (ဝန်ထမ်းကြီးကွက်)
– 40' x 60' (၂ ကွက်တွဲလျက်)
– ရွှေအင်ဝ (၁၈၈) ဂိတ်အစ
– ပင်လယ် BE စက်ရုံရှေ့
– ဒေါ်ဖွားရှင်လမ်း၊ ရွှေပြည်သာမြို့။
ဆက်သွယ်ရန် ၀၉-၇၃၀၂၅၇၇

ကောင်းကင်သစ် 09-73207416, 09-43098308
ဆံတော်ရှင်ပြတ်မော်တင်ခရီး Mar 15, 22, 24, 29 Apr 6, 11, 12, 13,17

ရွှေထိပ်တန်း
ချောင်းသာ + ကျိုက်ထီးရိုး + ငွေဆောင်
01-710436, 701015, 095403844, 09-5044830

သင် JAPAN နိုင်ငံမှာ အလုပ်လုပ်လိုလျှင်

ဂျပန်နိုင်ငံရှိ CHIBA KAN, MIYAKE KAN, IBARAKI KAN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်းစက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ခုနှစ်၏ ပထမအကြိမ်အဖြစ် အမျိုးသား(၂၀)ဦး၊ အမျိုးသမီး(၃၀)ဦး၊ အသက်(၂၀)နှစ်မှ (၃၀)နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။
- ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
- အလုပ်ချိန်-တစ်နေ့ ၈နာရီ
- လစာ-တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

၂၅-၃-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၃ရက်အတွင်း ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်ကိုယ်တိုင်လာရောက် လူတွေ့စစ်ဆေးပါမည်။
(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်။)

ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ပါပြီ

လူကြီးမင်းတို့၏ စာအုပ်၊ ဂျာနယ်နှင့် သတင်းစာပုံနှိပ်ခြင်းလုပ်ငန်းများအား နေပြည်တော်နှင့် မန္တလေးတို့တွင် အဆင့်မီ ရောင်စုံဖြင့် ပုံနှိပ်ခြင်းလုပ်ငန်းအား အရည်အသွေး အထူးအာမခံဖြင့် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(၁) အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ၊ စစ-၁၁၊ ၄၈ လမ်း၊ အောင်ပင်လယ်၊ မန္တလေး၊ ဖုန်း-၀၂-၆၂၉၃၀

(၂) နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၆၁၇၃

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-70000
Ph-203519
09 516 1773, 09 731 61773

EMPEROR Travels
ကျိုက်ထီးရိုး / ချောင်းသာ
01-202628, 09-5075168

သက်သာဘုရားဖူး

ပြည်၊ ရွှေစက်တော်၊ မင်းဘူး၊ မကွေး၊ ပုပ္ပါး၊ ပုဂံ၊ ပခုက္ကူ၊ ပခန်း၊ မုံရွာ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ပုလိပ်၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ နေပြည် တော်၊ ပဲခူး ဘုရားစုံကို စား/တည်း၊လှေ) ငြိမ်း ၈၀၀၀၀/- ကျပ် တည်းဖြင့် (၁၀)ည(၁၁)ရက် ကုသိုလ်ယူပို့ ပေးမည်။
၂၇-၃-၂၀၁၃ရက် ၁၈ဦးသာ (LITE TRUCK) (ပုဇွန်ကောင်း) ဖုန်း-၀၉၄၂၁၇၄၈၂၉၈

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 9000
09-73163534, 09425033245

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၆၅က^{၂၂})၊ မြေကွက်တည်နေရာအမှတ်(၆၂)၊ သုခရိပ်သာ၊ (၅၂)လမ်း၊ (၆)ရပ်ကွက်၊ ဦးဘနောင်(သမီး)မငွေတင်အမည်ပေါက် မြေအမျိုးအစား မြေပိုင်မြေ(လ/န၃၉၈ရပြီး) ဧရိယာ(၀. ၀၃၁)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက်တို့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးလင်းကျော်မှ လှိုင်မြို့နယ်၊ တရားမရုံးတရားမကြီးမှုအမှတ်(၅၄/၂၀၁၂)ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တစ်ဖက်သတ်အမိန့်ရရှိခဲ့ပြီး မြေအမည်ပေါက် အရောင်းအဝယ်စာချုပ်အမှတ်-၁၃၅(က)/၆၃(၂၈-၁-၆၃)ဦးလင်းကျော်မှ ၂၀၀၇ခုနှစ်မြေပုံထုတ်ယူခြင်းမရှိကြောင်း ကျမ်းကျိန်လွှာနှင့် တရားရုံးအမိန့်များတင်ပြ၍ ဒေါ်မိုးမိုးဆွေ(ဘီလစ်)မှ တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အနုပညာ

ဒိုင်ယာနာမင်းသမီး၏ အဝတ်အစား ၁၀ စုံကို လေလံတင်ရောင်းချမည်

ဖြိုးစန္ဒာမြင့်

နာမည်ကျော် ဒိုင်ယာနာမင်းသမီး၏ အဝတ်အစား ၁၀ စုံကို လေလံတင်ရောင်းချမည့် လေလံပွဲတစ်ရပ်ကို လာမည့်အင်္ဂါနေ့၌ ကျင်းပသွားရန်စီစဉ်ထားပြီး အဆိုပါအဝတ်အစားများ၏ လေလံတင်ရောင်းချငွေ စုစုပေါင်း စတာလင်ပေါင်တစ်သန်းခန့် ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ဒိုင်ယာနာမင်းသမီးသည် ၁၉၉၇ ခုနှစ်က ကွယ်လွန်ခဲ့ပြီး ယင်းနှစ်တွင် ပြုလုပ်ခဲ့သည့်လေလံပွဲမှ ဒိုင်ယာနာ၏အဝတ်အစားများကို အမေရိကန်အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ၁၉၉၇ ခုနှစ်က ဝယ်ယူစုဆောင်းထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် ၎င်းအမျိုးသမီးက ထိုအဝတ်အစားများကို ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လေလံတင်ရောင်းချပွဲတွင် ၁၉၈၅ ခုနှစ်က ဒိုင်ယာနာမင်းသမီး အိမ်ဖြူတော်တွင် ဝတ်ဆင်ခဲ့သည့် အနက်ရောင်ဂါဝန်၊ အဆိုတော် ဂျွန်ထရာဗော်တာနှင့် တွဲကစဉ်က ဝတ်ဆင်ခဲ့သည့် နီညိုရောင်ဂါဝန်၊ စိမ်းပြာရောင်ဂါဝန်နှင့် ပခုံးတစ်ဖက်တည်းပါရှိသော အဖြူရောင်ဂါဝန်တို့အပြင် ဒိုင်ယာနာမင်းသမီး၏ အဝတ်အစား ၁၀ စုံကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ရွှေသား ၂၄ ကာရက်ဖြင့် ပြုလုပ်ထားသော လေဒီဂါဂါ၏ ဘီးတပ်ကုလားထိုင်

တင်ပါးဆုံရိုးခွဲစိတ်ကုသမှုဒဏ်ရာကြောင့် Born This Way Ball အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပြီး လမ်းမလျှောက်နိုင်ဖြစ်နေသော အဆိုတော် လေဒီဂါဂါအသုံးပြုရန်အတွက် နယူးယောက်မှ ဒီဇိုင်နာ ကန်ဘိုရိုချော့ဗ်က ရွှေသား ၂၄ ကာရက်ဖြင့် ပြုလုပ်ထားသော ဘီးတပ်ကုလားထိုင်တစ်လုံးကို ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဒီဇိုင်နာ ကန်၏လက်ရာဖြစ်သည့် အဆိုပါဘီးတပ်ကုလားထိုင်တွင် အမျိုးအစားကောင်း သားရေများနှင့် အနားသတ်လိုင်းများကို ရွှေသား ၂၄ ကာရက်ဖြင့် ပြုလုပ်ထားကြောင်း၊ ဒီဇိုင်နာကန်သည် မည်သူ့ကိုမျှ ဘီးတပ်ကုလားထိုင် မပြုလုပ်ပေးခဲ့ဘူးကြောင်း၊ သို့သော် ရင်ဖိုစွာဖြင့် ဂီတဘုရင်မလေး လေဒီဂါဂါအတွက် ယင်းဘီးတပ်ကုလားထိုင်ကို ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း ဒီဇိုင်နာ ကန်ဘိုရိုချော့ဗ်က ပြောကြားခဲ့သည်။

2016: Obama's America ဇာတ်ကားရိုက်ကူးခဲ့သူများ နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးရန် စီစဉ်

ဇေယျာလင်း



၂၀၁၀ ခုနှစ်က သမ္မတဘားရက်အိုဘားမား၏ အောင်မြင်ကျော်ကြားရသည့် မူလအရင်းခံအကြောင်း ရေးဖွဲ့ထားသော Dinesh D'Souza၏ စာအုပ်အား အခြေပြုရိုက်ကူးခဲ့သည့် 2016: Obama's America ဇာတ်ကားကို ၂၀၁၂ ခုနှစ်က ဖြန့်ချိခဲ့ပြီး ယင်းဇာတ်ကားသည် အမေရိကန်နိုင်ငံအတွင်း ရုံတင်၍ရရှိငွေ ဒေါ်လာ ၃၃ ဒသမ ၄၅ သန်း ရရှိခဲ့သည်။ ယင်းအပြင် ကမ္ဘာတစ်ဝန်းရုံတင်ရရှိငွေ များစွာရရှိခဲ့ခြင်းကြောင့် ၁၉၈၂ ခုနှစ်မှစ၍ နိုင်ငံရေးဇာတ်ကားများ၏ ဝင်ငွေအမြင့်ဆုံး စံချိန်တင်လေးကားမြောက်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

2016: Obama's America ဇာတ်ကား၏ နောက်ဆက်တွဲ ဒုတိယအကြီးဆုံးနိုင်ငံရေးဇာတ်ကားအား ရောင်းအားအကောင်းဆုံး စာရေးဆရာတစ်ဦးဖြစ်သူ Dinesh D'Souzaနှင့် ဒါရိုက်တာ ဂျော်န်ဆူလီဗန်တို့ တွဲဖက် ရေးသားရိုက်ကူးမည်ဖြစ်ပြီး အော်စကာဆုရှင် ထုပ်လုပ်သူ Gerald Molen လည်း ပါဝင်စီစဉ်သည့် America အမည်ရှိနိုင်ငံရေးဇာတ်ကားကို ၂၀၁၆ခုနှစ်တွင် ရိုက်ကူးမည်ဟု စီစဉ်ထားကြောင်း သိရသည်။

သမ္မတအိုဘားမား၏ အမေရိကန်နိုင်ငံရေးရာဆောင်ရွက်ပုံများမှာ ၎င်းဖခင်၏ နယ်ချဲ့ဝါဒဆန့်ကျင်ရေးစိတ်ဓာတ်နှင့် အနောက်အင်ပါယာပြည်နယ်များကို အင်အားယုတ်လျော့စေလိုသည့်ဆန္ဒတို့အား အကောင်အထည်ဖော်နေခြင်းဖြစ်သည်ဟု စာရေးဆရာ D'Souzaက ဆိုသည်။

"ကျွန်တော်အပါအဝင် ကမ္ဘာတစ်ဝန်းက လူတွေမှာ သမ္မတအိုဘားမားနှင့်ပတ်သက်ပြီး အမြင်အမျိုးမျိုးရှိနေမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်နိုင်ငံရဲ့ လုပ်ဆောင်ချက်များဟာ ပြည်သူလူထုနဲ့ ကမ္ဘာကို အကျိုးပြုသောဆောင်ရွက်ချက်များသာ ဖြစ်စေလိုပါတယ်"ဟု ထပ်လောင်းပြောကြားခဲ့သည်။

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

383524
378882
* ရွှေစက်တော်
* ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

NEW WAY 0973238655, 0973217877
+ အလောင်းတော်ကဿပ(သီးသန့်) + ရွှေစက်တော်(သီးသန့်)
Mar 24

အမြန်ဆက်သွယ်နိုင်ပါသည်

လုပ်သက်ရင့်အကြီးတန်းလိုင်စင်ရ ဆောက်လုပ်ရေးအင်ဂျင်နီယာ(၁)ဦး အမြန်အလိုရှိသည်။

US$/ မြန်မာကျပ်ငွေဖြင့် လစာကောင်းကောင်းပေးမည်။ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-**Best Auto Co.,Ltd** အမှတ်(၃၄)၊ တိုက်(**D.E**)၊ ရွှေမြယာအိမ်ရာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၂၀၀၄၆၄၃၄၊ ၄၂၀၀၄၆၄၃၃

အထူးကျေးဇူးဆပ်ပါမည်

ဒေါ်ခင်ခင်ဆွေ[၁၂/လသန(နိုင်)၀၁၁၀၃၉]နှင့် မနန္ဒာဝင်း[၁၂/လသန(နိုင်)၀၀၁၈၈၅]၏ မှတ်ပုံတင်(၂)ခုသည် ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၌ ၁၃-၃-၂၀၁၃ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းသို့ ဆက်သွယ်ကူညီပေးပါရန်။

ဖုန်း-၀၉-၅၅၂၂၇၀၀

လမ်းပတ်၏ (၂၀၀) မြောက်သွင်းဂိုးနှင့် အတူ အမှတ်ပေးဇယားအဆင့် (၃) နေရာသို့ ချယ်လ်ဆီး တက်လာ

ပရီမီယာလိဂ်ပွဲစဉ် (၃၀) အဖြစ် ချယ်လ်ဆီးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ချယ်လ်ဆီး၏စတမ်းဖို့ဒ်ဘရစ်ချ် ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူးဟာဇက်နှင့် ကွင်းလယ်ကစားသမားဖရန့်လမ်းပတ်တို့၏ သွင်းဂိုးများဖြင့် ဧည့်သည်ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိကာ ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၃)နေရာသို့ တက်ရောက်လာခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းသည် ဒမ်ဘာဘာ၊ မာတာ၊ ဟာဇက်၊ ရာမီရက်စ်၊ လမ်းပတ်၊ မော့ဆက်၊ လူးဝစ်၊ ကာဟေးလ်၊အက်ရှ်လေကိုး စသည့်ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့်ပုံဖော်ကာ ကွင်းလယ်ကစားသမားဖရန့်လမ်းပတ်၏ ၁၉ မိနစ်တွင် သွင်းယူပေးခဲ့သော အဖွင့်ဂိုးနှင့်ပင် ပထမပိုင်းပြီးဆုံးချိန်အထိ ဝက်စ်ဟမ်းအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။ လမ်းပတ်၏ ယင်းသွင်းဂိုးသည် ချယ်လ်ဆီးသို့ ရောက်လာချိန်မှစ၍ ချယ်လ်ဆီးအသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည့်(၂၀၀)မြောက် သွင်းဂိုးလည်းဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဧည့်သည်ဝက်စ်ဟမ်းအသင်းသည် ကစားအားတင်ခဲ့သော်လည်း ချေပဂိုးအတွက် မျှော်လင့်ချက်မဲ့ခဲ့ရသည့်အပြင် တိုက်စစ်မှူးဟာဇက်၏ သွင်းဂိုးကိုပင် ထပ်မံခွင့်ပြုပေးလိုက်ရသဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် တိုက်စစ်မှူး ဒမ်ဘာဘာမှာ ဝက်စ်ဟမ်းဂိုးသမား ဂျာစကယ်လီနင်နှင့် တစ်ဦးချင်းတွေ့ခဲ့ခြင်းအပါအဝင် ဂိုးရရှိနိုင်မည့် အခွင့်အရေးများကို ဖြုန်းတီးပစ်ခဲ့ခြင်းကြောင့်သာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ပွဲကစားချိန်ကို အဆုံးသတ်နိုင်ခဲ့သည်။

သို့ရာတွင် ပွဲစဉ် (၃၀) မကစားမီက ရမှတ် ၅၄ မှတ်ဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ခဲ့သော စပါးအသင်းသည် ပွဲစဉ် (၃၀) တွင် ဖူလ်ဟမ်အသင်းကို ဝိုက်ဟတ်ဒ်လိန်း၌ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရသော်လည်း တိုက်စစ်မှူးဘာဘာတော့ဗ်၏ ၅၁ မိနစ်တွင် သွင်းယူပေးခဲ့သော ဖူလ်ဟမ်အသင်းအတွက် ဦးဆောင်ဂိုးကို ခွင့်ပြုပေးခဲ့ရပြီး အိမ်ကွင်းတွင် စပါးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့သော ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယား၏ တတိယနေရာသို့ တက်ရောက်လာခဲ့သည်။

နိုင်လင်းကြည်

BNP Paribas Open တင်းနစ်ပြိုင်ပွဲကျင်းပပြီးစီး ရာဖေးလ်နာဒယ်နှင့်ရှာရာပိုဗာတို့ ချန်ပီယံများအဖြစ်ရပ်တည်

2013 BNP Paribas Open တင်းနစ်ပြိုင်ပွဲကို မတ် ၇ ရက်မှ ၁၇ ရက်အထိ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ အင်ဒီးယန်းဝဲလ်တင်းနစ်ပြိုင်ကွင်း၌ ကျင်းပခဲ့ရာ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်နှင့် အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ရှာရာပိုဗာတို့ ချန်ပီယံများအဖြစ် ရပ်တည်နိုင်ခဲ့သည်။

BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် စပိန်တင်းနစ်ကစားသမားရာဖေးလ်နာဒယ်သည် နောက်ဆုံးဗိုလ်လုပွဲတွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်ပိုထရိုအား ၄-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ချန်ပီယံအဖြစ် အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင်မူ ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာက နောက်ဆုံးဗိုလ်လုပွဲတွင် တင်းနစ်အကျော်အမော်တစ်ဦးဖြစ်သည့် ဝေါ့ဇ်နီယာစကီအား တစ်နာရီနှင့် ၂၁ မိနစ်ကြာ ကစားကာ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ပြီး BNP Paribas Open အမျိုးသမီးတစ်ဦးချင်းတင်းနစ်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် BNP Paribas Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ်တစ်ဦးဖြစ်သည့် ကီရီလန်ကိုကို ၆-၄၊ ၆-၃ ဖြင့်အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတွင် ဝေါ့ဇ်နီယာစကီကို အနိုင်ရရှိခဲ့ခြင်းကြောင့် BNP Paribas Open ပြိုင်ပွဲ၏ ဒုတိယအကြိမ်မြောက် ချန်ပီယံဖြစ်လာခဲ့သည်။

တင်းနစ်မယ်ရှာရာပိုဗာက "ယခုကဲ့သို့သော ဂုဏ်သတင်းကြီးမားသည့် ပြိုင်ပွဲတစ်ခုတွင် အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့ခြင်းမှာ လာမည့်ပြင်သစ်အိုးပင်းပြိုင်ပွဲကဲ့သို့သော တင်းနစ်ပြိုင်ပွဲများအတွက်လည်း အောင်မြင်မှုရလဒ်အတွက် မျှော်လင့်နိုင်သော ယုံကြည်မှုရရှိခဲ့ကြောင်း" ပြောကြားခဲ့သည်။

အမျိုးသားနှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်မူ BNP Paribas Open ၏ နှစ်ယောက်တွဲချန်ပီယံအဖြစ် အမေရိကန်ပြည်ထောင်စုမှ ဘော့ဘရန်းနှင့် မိုက်ဘရန်းတို့က ရပ်တည်ခဲ့ပြီး အမျိုးသမီးနှစ်ယောက်တွဲချန်ပီယံအဖြစ် ရုရှားမှ မာကာရိုဗာနှင့် ဗက်စနီနာတို့က ရပ်တည်ခဲ့ကြောင်း သိရသည်။

မြတ်နိုးသူ Travel & Tours Co.,Ltd

VIP Class

မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ပုပ္ပါး	Apr:13	150000
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး	Apr:13	130000
ရွှေစက်တော်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12	130000
မန်း၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ပြင်ဦးလွင်	Apr:12, 14	140000
မန်း၊ ပြင်ဦးလွင်၊ မံစီ၊ ဝမ်တိန်၊ ရွှေလီ(၂ ညအိပ်)	Apr:12	220000
မန်း၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ မိုးကုတ်	Apr:13	170000
ပုဂံ၊ တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ပင်းတယ	Apr:12	180000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ လွိုင်ကော်၊ ဒီမောဆို	Apr:12, 13	180000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	140000
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ ထားဝယ်(ရှင်ကိုးရှင်)	Apr:12, 13, 14	160000
ဘားအံ၊ မြဝတီ၊ ကော့ကရိတ်၊ မဲဆောက်၊ ဖဝေါ	Apr:13	160000

Star Hotel, Restaurant, New Model Air Coach, Special Services,.....
Ph-01-551453, 09 5156297, 09 5014517, 09 5044489,
09 450053758, 09 73162418

Upper Class

မန်း၊ ပုဂံ(စွယ်တော်ငါးဆူ)၊ ကျောက်ဆည်၊ ပခုက္ကူ	Apr:12, 13	90000
မန်း၊ ပြင်ဦးလွင်၊ ပုဂံ(စွယ်တော်လေးဆူ)၊ ပခုက္ကူ	Apr:12	95000
ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ၊ ပုပ္ပါး	Apr:12,13	90000
မန်း၊ အလောင်းတော်ကဿပ၊ ပြင်ဦးလွင်	Apr:12, 14	110000
တောင်ကြီး၊ အင်းလေး(ရွှေအင်းထိမ်)၊ ကလော၊ ပင်းတယ	Apr:13	90000
မန်း၊ ပြင်ဦးလွင်၊ လားရှိုး၊ ရွှေလီ၊ မံစီ၊ ဝမ်တိန်	Apr:12, 13	140000

* ဟိုတယ်စတိုင်၊ စားသောက်ဆိုင်၊ လေအေးပေးစက်ပါ အဆင့်မြင့်ခေတ်မီလေအိတ်ကားကြီးများ၊ ဝန်ဆောင်မှုများစွာနှင့်-----
* ခရီးစဉ်များအားလုံး တစ်ဆင့်သွားကားခ/စက်လှေခ၊ တစ်ဖက်နိုင်ငံ နယ်စပ်ဖြတ်သန်းခများ အလုံးစုံပါဝင်ပြီးဖြစ်သည်။
* အထူးမေတ္တာရပ်ခံချက်-ထွက်ရှိမည့်ကားစီးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားပေးပါရန်။

နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ သီရိပျံချီ ဦးထွန်းနေလင်း(သံအမတ်ကြီး၊ ဘရာဇီးနိုင်ငံ)နှင့် ချစ်မေမေ ဒေါ်ချိုချိုစမ်း တို့၏ ၂၀၁၃ခုနှစ်၊ မတ်လ ၁၅ရက်တွင် ကျရောက်သည့် ပုလဲရတုမင်္ဂလာမှသည် ရတုများစွာတိုင်ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံစွာဖြင့် သာသနာအကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ယခုထက် ပိုမိုထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက်-

သားသမီးများ-
ဦးသီဟလင်း-ဒေါ်မွေန်သူ
ဗိုလ်ကြီးကျော်ဇောခန့်-ဒေါ်ဇင်မွန်သူ
ဦးထွန်းနိုင်ထွန်း-ဒေါ်ခွာညိုသွယ်(ဘရာဇီးလျားမြို့)
မခင်မွန်သူ (ဘရာဇီးလျားမြို့)
မြေးများ-မမြတ်မျှုဟေသီ၊ မောင်ဘုန်းခန့်

"ပိုးကေရီ" ပိုးထည်တိုက် ဆိုင်သစ်ဖွင့်ပွဲ ကျေးဇူးတင်လွှာ

"ပိုးကေရီ" ပိုးထည်တိုက်သစ် ဖွင့်ပွဲအခမ်းအနားတွင် မေတ္တာဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော အကယ်ဒမီများရှင် ကိုရန်အောင်၊ အကယ်ဒမီများရှင် ကိုရဲအောင်၊ ရဝေအောင်၊ အကယ်ဒမီများရှင် မေသန်းနု၊ အကယ်ဒမီများရှင် မေသဉ္ဇာဦး၊ စုလှိုင်နှင်း၊ ရတနာခင်၊ စမိုင်း(လ်)၊ သန္တာဗိုလ်၊ ကိုလင်းနိုင်ဦး(အလင်းတန်းဂျာနယ်)၊ မဝင်းမာ (Fashionမဂ္ဂဇင်း)၊ ဝေလင်း၊ ကလျာငြိမ်းငြိမ်းဇံနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များ၊ အစစအရာရာ ကူညီပေးသော ရွှေပုပ္ပါးဦးအုန်းခိုင် (စကားဝါသရုပ်ဆောင်သင်တန်း)၊ မိတ်ကပ် ခင်စန်းဝင်း၊ ကိုမင်းခန့်ကျော်၊ ကိုငယ်လေး၊ မသက်(မျိုးမြတ်မေ ပိုးထည်တိုက်)၊ ဒီဇိုင်နာ မျိုးမင်းစိုး (မန္တလေး)နှင့် မန္တလေးမှ သူငယ်ချင်းများ၊ ဓာတ်ပုံဗွီဒီယိုမေတ္တာဖြင့် ရိုက်ကူးပေးသော ကိုစိန်လင်း၊ ကိုအောင်မြတ်သူ(Aroma Zulu Studio),5 network အဖွဲ့သားများ၊ ကြွရောက်ချီးမြှင့်ပေးသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

လှမျိုးသဉ္ဇာနွယ်
Chairman(Mahar Business Group)
ပိုးကေရီ ပိုးထည်တိုက်





ပျောက်ဆုံးကြောင်း

ကျွန်မ ယမင်းသူဇာနိုင်ငံသားအမှတ်[၁၂/ ဒဂတ(နိုင်)၀၇၇၉၇၂] ကိုင်ဆောင်သူ သည် M-၁၁၅၁၉၈နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၁-၈၁၀၀၅၉၈

မိတ္ထီလာစက်မှုဇုန်တွင် မီးလောင်၍ သိန်းတစ်ထောင်ကျော် ဆုံးရှုံး

မိတ္ထီလာ မတ် ၁၈

မိတ္ထီလာမြို့နှင့် ၁၀ မိုင်အကွာ၊ ရန်ကုန်-မန္တလေးကားလမ်း စက်မှုဇုန် (၄)လမ်းနေ ဦးနိုင်မော် (၄၇)နှစ်၏ ဇမ္ဗူညွန့်ဝါစက်ရုံတွင် မတ် ၁၆ ရက် နံနက် ၃ နာရီခွဲက ဝါယာကြိုးများပူးကပ်ပြီး မီးပွားများကျရာမှ ဝါဂွမ်းများသို့ကူးစက်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ စက်မှုဇုန်အရံမီးသတ်ကား တစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ မိတ္ထီလာမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ကား လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ အမှတ် (၃၂၀)အမြောက်တပ်မှ ရေသယ်ယာဉ် တစ်စီး၊ ဝမ်းတွင်းမြို့နယ်မှ မီးသတ်ကား တစ်စီး၊ လေကြောင်းအတတ်သင် လေတပ်စခန်း (ရှမ်းတဲ)မှ ရေသယ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ကားနှင့် ရေသယ်ယာဉ် ၁၀ စီး၊ Foam ဆေးရည် ၁၀ ဂါလန်တို့ဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ စက်မှုဇုန်အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ရပ်ကွက်သူရပ်ကွက်သားများနှင့် တပ်မတော်သားများ ဝိုင်းဝန်းငြှိမ်းသတ်ကြရာ တစ်နာရီကျော်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

(တင်လှိုင်)

ရေနံစိမ်းတင် ဘောက်ဆာတစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထနောင်းပင်ဝင်တိုက်

ရေစကြို မတ် ၁၈

လင်းကတော- ရေစကြိုကားလမ်းပေါ်တွင် ရေနံတင်ဘောက်ဆာကား ၂ဂ/. . . . သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကျက်ဆူကျင်းကားဂိတ်မှ မြေဖြူကျင်းကားဂိတ်သို့ မောင်းနှင်လာရာ မိုင်တိုင်အမှတ် (၃၁/၃) အနီးရှိ ထနောင်းပင်တောအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးရှိ ထနောင်းပင်ကို ဝင်တိုက်ကာ လမ်းဘေးသို့ တိမ်းမှောက်သွားခဲ့သည်။ ထနောင်းပင်မှာ ခါးကျိုးပြီး ကားပေါ်သို့ ပိလျက်ရှိသည်။ အဆိုပါ ဘောက်ဆာသည် မင်းလှရေနံမှော်မှ မုံရွာရေနံချက်စက်ရုံသို့ ရေနံစိမ်းသယ်ပို့ပေးနေသော ကားဖြစ်ကြောင်းသိရသည်။ မင်းလှနှင့် ပေါက်နယ်၊ မြိုင်နယ်တို့မှ ရေနံစိမ်းသယ်သည့် ကားများမှာ ပုသိမ်-မုံရွာကားလမ်းအတိုင်း လင်းကတောအထိ ဆန်တက်ပြီး ထိုမှ စည်သူရှင်ချင်းတွင်းတံတားကိုဖြတ်ကာမုံရွာအနီး ကျောက်ကာရှိ ရေနံချက်ဖိုများသို့ ပို့ပေးကြခြင်းဖြစ်သည်။ ယာဉ်မောင်းဟု ယူဆရသူမှာ စက်ခေါင်းအောက်ပိလျက် သေဆုံးနေကြောင်း သိရသည်။

ငွေရီဆန်း (ရေစကြို)

ပိုလ်ချုပ်ဈေး ကားပါကင်၌ ကားပျောက်

ရန်ကုန် မတ် ၁၈

စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် တရုတ်ကျောင်းလမ်းနေ ဒေါက်တာစန္ဒာအောင်သည် မတ် ၉ ရက် နံနက် ၁၁ နာရီတွင် ၈က/. . . နစ်ဆန်းအေဒီဗင်အဖြူရောင် ကိုယ်ပိုင်ယာဉ်အား ပန်းဘဲတန်းမြို့နယ် (၂)ရပ်ကွက် ဗိုလ်ချုပ်ဈေးသစ် ကားဝင်ပေါက်ပါကင်၌ ရပ်ထားခဲ့ပြီး သိမ်ကြီးဈေး(ဒီ)ရုံနှင့် ဗိုလ်ချုပ်ဈေးသစ်၌ တစ်နာရီခွဲခန့်အကြာ ဈေးဝယ်အပြီး ကားရှိရာသို့ပြန်လာစဉ် ကားမှာမရှိတော့ဘဲ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအပေါ် အရေးယူပေးရန် ဒေါက်တာစန္ဒာအောင်၏ တိုင်တန်းမှုအား ပန်းဘဲတန်းရဲစခန်းက (ပ)၈၅/၁၃၊ ပုဒ်မ ၃၇၉ (ကား)ဖြင့် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိသည်။

(၃၁)

ညော့ရိပ်သာအမည်ခံပြီး အနှိပ်ခန်းပြုလုပ်နေ

ရန်ကုန် မတ် ၁၈

မော်ဒန်အအေးခန်း ညော့ရိပ်သာဟုအမည်ခံထားသည့် အလှပြင်ခန်းကို အနှိပ်ခန်းပြုလုပ်နေကြောင်း သတင်းအရ ဘုရင့်နောင်ရဲစခန်းမှ ဒု-ရဲအုပ်ကျော်ဝင်းနိုင်နှင့်အဖွဲ့က မတ် ၁၃ ရက်တွင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ အခန်းအသီးသီး၌ အနှိပ်သမလုပ်ငန်းလုပ်ကိုင်နေသော အမျိုးသမီး ၁၀ ဦးနှင့် မန်နေဂျာတစ်ဦးတို့အား လုပ်ငန်းဆောင်ရွက်ခငွေ၊ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးလိုက်သည်။

(ဂျီသရီး)

မြိုင်ဟေဝန်ပန်းခြံအတွင်းရှိ စည်ပင်ဝန်ထမ်းလိုင်းခန်းမီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၁၈

မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက် ကမ္ဘာအေးဘုရားလမ်းရှိ မြိုင်ဟေဝန်ပန်းခြံအတွင်း စည်ပင်သာယာဝန်ထမ်းလိုင်းခန်းတွင်မီးကြွင်းမီးကျန်မှမီးစတင်လောင်ကျွမ်းခဲ့သည်။

ဖြစ်ပွားပုံမှာ မတ် ၁၈ ရက် ည ၁၂ နာရီ ၁၀ မိနစ်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း မြိုင်ဟေဝန်ပန်းခြံအတွင်းရှိ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန မြောက်ပိုင်းခရိုင် စည်ပင်သာယာရေးဝန်ထမ်းလိုင်းနေ ဦးမြင့်သောင်းလိုင်းခန်း၏ နောက်ဘက် မီးသွေးမီးဖိုရှိမီးကြွင်းမီးကျန်မှတစ်ဆင့် စတင်မီးလောင်ကျွမ်းခဲ့ရာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းထားသော ရှစ်ပေပတ်လည်လိုင်းခန်းပေါင်း ရှစ်ခန်းပါ လိုင်းခန်းနှစ်တွဲ စုစုပေါင်းအခန်း ၁၆ ခန်းနှင့် လမင်းသစ်လက်ဖက်ရည်ဆိုင်ဟောင်း (ယခုကလေးကစားကွင်း) ပြုပြင်ဆောက်လုပ်ထားသည့်သွပ်မိုး၊ သံဆန်ခါ ကာရံထားပြီး အုတ်စီထားသော ပေ ၃၀အကျယ် အဆောက်အအုံတစ်လုံးတို့ မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်ကျွမ်းရာ နေရာသို့ မီးသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီး၊ အထောက်အကူပြုယာဉ် နှစ်စီး စုစုပေါင်း ၃၂ စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

ဖော်ကြီး(ပဏီတ)

ထွန်စက်ပေါ်မှ ကလေးငယ်တစ်ဦး ပြုတ်ကျသေဆုံး

ရေနံချောင်း မတ် ၁၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ရေနံချောင်းမြို့မှ ဒု-ရဲအုပ်အောင်မိုးကျော်သည် ရွှေတုတ်ကံကျေးရွာသို့ နယ်မြေသတင်းစုံစမ်းရန်ရောက်ရှိနေစဉ် ထွန်စက်ပေါ်မှ ကလေးတစ်ဦး လိမ့်ကျသေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဝင်းအေး(ခ)သံဒိုး အသက် (၄၂)နှစ် မကျည်းတိုင်း ကျေးရွာရေနံချောင်းမြို့နယ်နေသူ မောင်းနှင်သည့် (ဇွဲ) ထွန်စက်ခေါင်းစိမ်းယာဉ်သည် အဆိုပါကျေးရွာမှ ကုန်များတင်ပြီး ပြန်အထွက်ရွာအရှေ့ ဖျားအရောက်၌ ထွန်စက်ခေါင်းနှင့်နောက်တွဲထွေလာအကြား လိုက်ပါလာသူ မဝင်းစန္ဒာ (ခ) တုံ့ရှင်း၊ မောင်မျိုးလင်းအောင်၊ မောင်သန်းမျိုးအောင်နှင့် မသီတာ ဝင်းတို့အနက်မှ မဝင်းစန္ဒာ(ခ) တုံ့ရှင်း အသက် (၇)နှစ်မှာ ထွန်စက်ပေါ်မှ ပြုတ်ကျကာ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ ဝဲဘက်လက်မောင်းပွန်းပဲ့ဒဏ်ရာ၊ ဝဲဘက်ခါး စောင်းပွန်းပဲ့ဒဏ်ရာ၊ ယာဘက်ကိုယ်ခန္ဓာတစ်ခြမ်း ပွန်းပဲ့ဒဏ်ရာရရှိ သေဆုံးသွားကြောင်း သိရသည်။

မမ (ရေနံချောင်း)

ဂုဏ်ရည်ထူး
EASY GO TRAVEL & TOURS
အဆင့်မြင့် Tour ကားများနှင့် အဆင့်မြင့်ဟိုတယ်တည်း/စား(ငြိမ်း)
ရွှေတိဂုံနှင့်မကျွမ်းဘုရားဖူး	(၄)ရက်	22Mar, 12,17 Apr	65000ks
ပုပ္ပါး ပုဂံ(ညောင်ဦးလေးဆူ)	(၄)ရက်	22Mar	70000ks
ပုပ္ပါး ပုဂံ(ညောင်ဦးလေးဆူ)	(၅)ရက်	12 Apr	135000ks
တောင်ကြီး အင်းလေး	(၅)ရက်	22Mar, 12,13,17 Apr	150000ks
	(၆)ရက်	22Mar, 12,17 Apr	220000ks
	(၃)ရက်	22Mar, 12,17 Apr	115000ks
	(၅)ရက်	13 Apr	170000ks
	(၅)ရက်	22Mar, 12,17 Apr	170000ks
		25 Mar	20000ks
Tel:09-73198845, 09-401523481, 01-377351, 377352, 246239

နန်းဦးလှိုင် (မတ် ၂၂ ၂၉ ဧပြီ ၅ ၁၂ ထွက်မည်)
056-21671
01-391577

ရွှေကြေးစည်-ကျိုက်ထီးရိုး/ချောင်းသာ
Mar 25
Mar 15,19,22,24,25
240860/372290
09-49282825

50% Discount Hotel Package
Air-Con, hot & cold water, Toilet
75000 Mar-22
Mar-22 75000
Mar-22/29 90000
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-မွေတော်ကျွန်း-ထုံစဲ
Mar-22 /90000
Apr-13/120000
Ph: 09-73211079, 09-49250637, 09-420073607

AKM TRAVELS
09-49001557
09-422514874

အများသိစေရန်ကန့်ကွက်ဖြေရှင်းခြင်း

၁-၃-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါ

(ဘ)ဦးရန်ရှင်း၏သား ကိုရဲဝင်းနိုင်[၁၂/မဂဒ(နိုင်)၁၁၁၅၂၀]၏ ကြေညာချက်အပေါ်

အောက်ပါအတိုင်း အများသိစေရန်ကန့်ကွက်ဖြေရှင်းခြင်း

ကျွန်မ မမေမြတ်မွန်စိုးနှင့် ကိုရဲဝင်းနိုင်တို့သည် ၉-၂-၂၀၀၈ ရက်က မြန်မာ့ဓလေ့ထုံးထမ်းအစဉ်လာနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး ယခုအခါ အသက်(၂)နှစ်အရွယ်သားတစ်ဦး ထွန်းကား ခဲ့ပါသည်။ ကိုရဲဝင်းနိုင်သည် ကျွန်မတို့သားအမိပေါ် တာဝန်ကျေခဲ့ခြင်းမရှိပါ။

ကိုရဲဝင်းနိုင်၏ သတင်းစာပါကြေညာချက်များမှာ လုံးဝမှန်ကန်မှုမရှိပါ။ ကျွန်မအနေဖြင့် အပြစ်တစ်စုံတစ်ရာမရှိပါဘဲ ကိုရဲဝင်းနိုင်မှသာ အိမ်ထောင်ရေးဖောက်ပြန်မှုကို အကြိမ်ကြိမ်ကျူးလွန် ခဲ့၍ လွန်ခဲ့သော ၁၂-၅-၂၀၁၁ ရက်မှစ၍ အိမ်ထောင်ရေးအဆင်မပြေခဲ့သော်လည်း အသက်(၂)နှစ် အရွယ်ရှိ သားဖြစ်သူအား ကျွန်မအနေဖြင့် ထောက်ထားငဲ့ညှာပြီး ယနေ့ချိန်ထိ ကိုရဲဝင်းနိုင်အပေါ် သည်းခံခွင့်လွှတ်ပြီး အမှတ်(၂)၊ တောရကျောင်းလမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံ မြို့နယ်တွင် အတူတကွ နေထိုင်လျက်ရှိပါသည်။

ယခုကဲ့သို့ ကိုရဲဝင်းနိုင်၏ ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာချက်ကို ကျွန်မအနေဖြင့် အသိမှတ်မပြုပါကြောင်းနှင့် ယနေ့ချိန်ထိ ကျွန်မသည် ကိုရဲဝင်းနိုင်၏ တရားဝင်ဇနီးဖြစ်ကြောင်း အများသိစေရန် ဖြေရှင်းကြေညာအပ်ပါသည်။

မမေမြတ်မွန်စိုး
[၁၂/မဂဒ(နိုင်)၁၅၇၆၈၇]

အထက်မြန်မာပြည်သတင်း

ရတနာမဏိအဘယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

စစ်ကိုင်း မတ် ၁၈

စစ်ကိုင်းမြို့အနောက်ပိုင်း ကန္နားတော်ရပ်၊ ဝေဠုဝန်ငါးထပ်ကြီးဘုရားအနောက်တောင်ဘက်ကပ်လျက်တွင် ရတနာမဏိအဘယစေတီတော်ကြီး တည်ရှိသည်။

ရတနာမဏိအဘယစေတီတော်ကြီးကို အင်းဝဘုရင် ဒုတိယမင်းခေါင်က သက္ကရာဇ် ၈၅၃ တွင် တည်ထားခဲ့သည်။

ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးများ ရတနာမဏိအဘယစေတီသို့ ဆွမ်းတော်၊ ရေချမ်းကပ်လှူပြီး ပြန်စွန့်စားခြင်းဖြင့် ဆံ့အခြင်းပျောက်လိုသူတို့သည် လာရောက်ပြုလုပ်လေ့ရှိပြီး အောက်မြန်မာပြည်၊ အထက်မြန်မာပြည် ရပ်ဝေးဒေသမှ လာသူများသည် ဘုရား၌ နှစ်ညအိပ် ၃ ရက်မှ ၉ ညအိပ်အထိ လာရောက်နေထိုင်ကာ ရောဂါပျောက်ကင်းရန် ဆွမ်းကပ်လှူပူဇော်ကြကြောင်းနှင့် အများအားဖြင့် ရောဂါပျောက်ကင်းသွားသည်ဟုသိရသည်။ ဆွမ်းတော်ပွဲတင်ရာတွင် မိမိတင်လိုသော အစားအစာကို သောက်တော်ရေချမ်းနှင့် တင်လှူပြီး ထိုတင်လှူထားသည့် ဆွမ်းတော်နှင့် ရေချမ်းကို ဘီလူးမသင်ပုတ်တွင် အချို့စွန့်၍ အချို့ကို စားသောက်ရခြင်းဖြစ်ကြောင်း စစ်ကိုင်းမြို့ ရတနာ မဏိအဘယ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်၏ ပြောပြချက်အရ သိရသည်။

ရတနာမဏိအဘယစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင်ကျင်းပသည့် ရတနာ မဏိအဘယစေတီသို့ အဘယစေတီ၏ အနောက်ပိုင်းရှိရွာများမှ ပွဲတော်ကို ကျင်းပပူဇော်ကြပြီး ဘုရားသို့ အဆို၊ အက၊ အတီးများဖြင့် အပြိုင်အဆိုင်လာရောက်ကြကာ ဆွမ်းတော်ကပ်ခြင်းနှင့် ကြာသက်န်းကပ်လှူခြင်းတို့ဖြင့် ပူဇော်ကြသည်။ ပွဲတော်သို့လာရောက်ကြသည့် ရိုးရာအတီး၊ အမှုတ်အဖွဲ့များသည် အများအားဖြင့် ဝါးလက်ခုပ်များကိုသာ တီးမှုတ်ကြ၍ အဘယစေတီဘုရားပွဲကို ဒေသခံများက ဝါးလက်ခုပ်ပွဲဟုလည်း ခေါ်ကြသည်။ ရိုးရာအတီး၊ အမှုတ် တစ်ပွဲလျှင် အနည်းဆုံးဝါးလက်ခုပ်တီးသူ ၁၀ ဦးမှ အများဆုံး ၂၀ ကျော်ခန့်ထိ ရှိသည်။ ဝါးများကို မိမိတို့ရပ်ရွာမှ ကိုယ်တိုင်ခုတ်ကာ ကိုယ်တိုင်ဝါးလက်ခုပ်များပြုလုပ်၍ တီးကြခြင်းဖြစ်ပြီး လူငယ်များအပြိုင်အဆိုင် ဝါးလက်ခုပ်များ ပြုလုပ်တီးကြသည်။ ရှေးယခင်က လူတစ်ရပ်ကျော်အရှည်ရှိ ဝါးလက်ခုပ်ကြီးများကိုပင် ပြုလုပ်တီးခတ်ကြသည်ဟု သိရသည်။

(၅၃၁)

တောင်သူလယ်သမားများ အတုယူဖွယ်ရာ ဘက်စုံပေါင်းစည်းလယ်ယာ

စစ်ကိုင်း မတ် ၁၈

စစ်ကိုင်းမြို့နယ် ကုန်းကျေးရွာနေ တောင်သူလယ်သမားကြီး ဦးဇော်လင်းသည် မိမိပိုင်လယ်မြေ ၈ ဒသမ ၃၂ ဧကတွင် စိုက်ပျိုးရေးနည်းစနစ်မှန်ကန်စွာဖြင့် ပုလဲသွယ်စပ်မျိုးစပါး ၁ ဒသမ ၈၇ ဧက စိုက်ပျိုးထားပြီး ဂျုံနှင့် ကုလားပဲ သုံးဧကစိုက်ပျိုးထားသည်။ အပိုဝင်ငွေ ရရှိရေးအတွက် ထိုင်ဝမ်ပြောင်းဖူး တစ်ဧက၊ ပင်ထောင်ခရမ်းချဉ်သီး တစ်ဧက၊ ငှက်ပျောပင် တစ်ဧက၊ သဘော်ပင် ၅၀၀၊ စိန်တစ်လုံး သရက် ၁၀၀ စိုက်ပျိုးထားသည်။

မွေးမြူရေးနှင့် ငါးမွေးမြူရေး ကန်ကြီး သုံးကန်၊ ငါးသားပေါက်ကန် တစ်ကန်တို့တွင် ငါးကြင်းကောင်ရေ ၅၀၀၀ နှင့် ငါးတန်ကောင်ရေ ၅၀၀၀၊ အသားတိုးကြက်ခြံ လေးခြံတွင် ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားသည်။

အကျိုးအမြတ်များအနေဖြင့် ပုလဲသွယ်စပ်မျိုးစပါး (နွေစပါး) တစ်ဧကလျှင် တင်း ၂၀၀ ထွက်ရှိသဖြင့် မနှစ်က စပါးဈေး ၄၀၀၀ ရှိ၍ ကုန်ကျစရိတ် ၅၅၀၀၀၀ ကို နုတ်လျှင် တစ်ဧက ၄၀၀၀ ကျော် အကျိုးအမြတ်ရှိသည်။ အသားတိုးကြက်ကိုလည်း ၄၅ ရက်တစ်ကြိမ် ထုတ်ရောင်းသည့်အတွက် တစ်နှစ်လျှင် ကြက်ခြံတစ်ခြံလျှင် ၁၂၅၀၀၀၀ စီ အကျိုးအမြတ်များရရှိသည်။ ငါးကန်မှ ငါးများကို တစ်နှစ်လျှင် တစ်ကြိမ် ထုတ်ရောင်းပါက ပေါက်ဈေးအရ အကျိုးအမြတ်များစွာ ရရှိခဲ့ကြောင်း ဦးဇော်လင်းက ပြောကြားသည်။

ဝက်မွေးမြူနိုင်ရေးအတွက်လည်း မျိုးကောင်းမျိုးသန့် ဝက်များ မွေးမြူရန် မွေး/ကုဌာနနှင့် စီစဉ်နေကြောင်း ငှက်ပျောနှင့် သရက်များမှလည်း ဝင်ငွေများ ရရှိလာတော့မည်ဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး ပြေလည်နေပြီဖြစ်၍ မိသားစုနှင့် လုပ်ငန်းများ မနိုင်မနင်းဖြစ်နေ၍ လုပ်သားလေးဦး ခေါ်ယူကာ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်နေသည်။ နိုင်ငံတော်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအရ တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးအဆင်ပြေစွာ စိုက်ပျိုးထုတ်လုပ်နိုင်စေရန် စိုက်ပျိုးစရိတ်တစ်ဧကကျပ်တစ်သိန်းတိုးမြှင့် ထုတ်ချေးလျက်ရှိသော်လည်း တောင်သူ ဦးဇော်လင်းအနေဖြင့် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမည့် ချေးငွေကို မယူဘဲ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း မွေးမြူစိုက်ပျိုးလူ့အကျိုးအဖြစ် အတုယူဖွယ်အကြောင်းကို သိရှိစေရန် ရေးသားတင်ပြလိုက်ပါသည်။

(ထွေးမြင့်နိုင်-စစ်ကိုင်း)

ကွန်ကရစ်လမ်းချော ဖြစ်သင့်ပြီ

နေပြည်တော် မတ် ၁၈

နေပြည်တော်ကောင်စီနယ်မြေအတွင်း အဓိကယာဉ်သွားလမ်းများတွင် ကွန်ကရစ်လမ်းများ၊ ကတ္တရာလမ်းများအဖြစ် ၁၀ လမ်းသွား၊ ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားဟူ၍ လမ်းများအားလုံး ကောင်းကြပါသည်။ သို့သော် အချို့သော လမ်းသွယ်များမှာ ပြည်သူလူထု အားထားသွားလာနေကြရသောလမ်းများ၊ အများအပြားရှိရာ ကွန်ကရစ်လမ်းချောအဖြစ် ဆောင်ရွက်ပေးနိုင်လျှင် ပိုမိုကောင်းမည်ဟု ထင်မြင်မိပေသည်။

အဆိုပါကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးသင့်သော လမ်းမှာ မင်္ဂလာသိဒ္ဓိရပ်ကွက်(ကံကော်) မူလတန်းကျောင်းအနီးမှ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဘေး၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC)သို့ သွားရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော မြေသားလမ်းဖြစ်သည်။ ၎င်းမြေသားလမ်းဖောက်လုပ်ထားသည်မှာ သုံးနှစ်ခန့်ရှိပြီး အရှည် လေးဖာလုံခန့်ရှိသည်။ အဆိုပါလမ်းကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးသွားပါက မင်္ဂလာသိဒ္ဓိရပ်ကွက် (ကံကော်)မှ အထက (၆)သို့ သွားရောက် ပညာသင်နေသော ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအတွက် အထူးပင် အကျိုးရှိသော လမ်းတစ်လမ်းဖြစ်ပါသည်။

(သန်းဦး-လေးမျက်နှာ)

အညာနွေ စဘေသောက်ရေအိုးဈေးကွက် အရောင်းသွက်

ပခုက္ကူ မတ် ၁၈

ယနေ့ခေတ်အခါ အညာဒေသတွင် နွေရာသီ၌ ခေတ်မီရေခဲသေတ္တာများ အသုံးပြု၍ ရေခဲရေအေးများ သောက်သုံးသူများ ရှိကြသော်လည်း ပခုက္ကူဒေသတွင် လူများစုမှာ နွေရာသီတွင် သောက်ရေအေးအေး ရရှိရန် အိမ်တိုင်းလိုလို သဲမြေနှင့် ပြုလုပ်ထားသော သောက်ရေအိုး အသစ်များ ဝယ်ယူကြပြီး သဘာဝ သောက်ရေအေးများ သောက်သုံးကြသဖြင့် အညာနွေကာလတွင် ပခုက္ကူဒေသတစ်ဝိုက် သောက်ရေအိုး ဈေးကွက် အရောင်းသွက်လျက်ရှိသည်။

ပခုက္ကူဒေသတွင် သောက်ရေအိုး ဈေးကွက်အနေနှင့် မြိုင်မြို့နယ်ထွက် စဘေအိုးနှင့် ဇီးဖြူပင်အိုး၊ ရေစကြိုမြို့နယ် ပခန်းအိုး၊ မြင်းခြံမြို့နယ် ရန္တပိုအိုးနှင့် မြောင်မြို့နယ် နဘက်အိုးများ ဈေးကွက်ဝင်ကြသော်လည်း စဘေသောက်ရေအိုးသည် အရွယ်အစားသင့်တင့်၍ ပုံသဏ္ဍာန်လှပြီး မီးကျက်ပုံကောင်းသည်။ နွေအခါရေထည့်လျှင် သဲများများပါ၍ သောက်ရေအိုးပတ်လည်တွင် ရေစိမ့်စိုပြီးအေးသည်။ မြိုင်မြို့နယ်ထွက် စဘေ သောက်ရေအိုးများမှာ အသုံးတည့်၍ လူကြိုက်များပြီး အရောင်းသွက်ကြောင်း သောက်ရေအိုး ရောင်းသူတစ်ဦးက ပြောသည်။

စဘေသောက်ရေအိုးတစ်လုံးလျှင် အရွယ်အစားလိုက်၍ ကျပ် ၅၀၀ မှ ၈၀၀၊ ၁၀၀၀ အထိ ဝယ်ယူရပြီး မြိုင်မြို့နယ်မှ ပခုက္ကူမြို့ထိ တစ်လုံးလျှင် သယ်ယူစရိတ် ကျပ် ၁၂၀ ပေးရပြီး ကားနှင့်သယ်ယူရာတွင် အကွဲသက်သာစေရန် ကောက်ရိုးခြောက်များ အသုံးပြုသယ်ယူရကြောင်း ဝယ်ရောင်းသူများမှာ ပြာသိုလတွင် စတင်ရောင်းရပြီး တပို့တွဲ၊ တပေါင်းလများသည် ရောင်းအားအကောင်းဆုံးဖြစ်၍ တန်ခူး၊ ကဆုန်၊ နယုန်လများအထိ ရောင်းရကြောင်း အိုးတစ်လုံးလျှင် အကြီး၊ အသေးလိုက်၍ တစ်လုံးလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ၂၅၀၀ ထိ ရောင်းရသည်။ ပခုက္ကူဒေသတွင် အိမ်သုံးသာမကဘဲ လမ်းဘေးသောက်ရေအိုးစင် ရေကုသိုလ်ပြုကြသူများ၍ တစ်နှစ်လျှင် သောက်ရေအိုးအသစ်အလုံး ၃၀၀၀ ကျော်မှ ၄၀၀၀ ခန့်အထိ ရောင်းအားကောင်းကြောင်း သောက်ရေအိုးရောင်းဝယ်သူ ဒေါ်မြဝင်း၏ ပြောပြချက်အရ သိရသည်။

(၅၇၁)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
တယ်လီဖုန်းသုံးစွဲသူမိဘပြည်သူများသို့အသိပေးနှိုးဆော်ချက်

ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများ အားလုံး၏ **၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလသုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှု ယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ် ပြည်နယ်၊တိုင်းဒေသကြီး	တယ်လီဖုန်း အမျိုးအစား	နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက်
၁။ နေပြည်တော်၊ရန်ကုန်၊မန္တလေး	Auto,CDMA	၂၂-၃-၂၀၁၃
စစ်ကိုင်း၊မကွေး၊ကချင်၊ကရင်	GSM(Mobile)	
ကယား၊ဧရာဝတီ၊မွန်	E-mail,ADSL	
ပဲခူး(အရှေ့၊အနောက်)	MPT-Settlite	
၂။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)	Auto,CDMA	၂၉-၃-၂၀၁၃
ရှမ်းပြည်နယ်(မြောက်ပိုင်း)	GSM(Mobile)	
ရှမ်းပြည်နယ်(တောင်ပိုင်း)	E-mail,ADSL	
ချင်း၊ရခိုင်၊တနင်္သာရီ	MPT Settlite	

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၅၆၀၃၇၊ အမျိုးအမည် VANBO ၁၂၅အမျိုးအစား ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ညွန့်လေး မှတ်ပုံတင်အမှတ်၉/နထက(နိုင်)၁၂၈၁၈၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က. ည. န၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်အမှတ် (၁၃)၊၄၅လမ်းနှင့်၄၆လမ်းကြား၊ဗထူးလမ်းနှင့်အောင်ဆန်းလမ်းကြား၊ ဦးမောင်မြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အားဦးစိုင်းအိုက်ပေါင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၃/နခန(နိုင်)၀၀၃၇၃၉]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်သစ်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ဂ/၈၀၉၇၊ ကမ၃၊ စာအုပ်ပျောက်လျှောက်ထား ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ဝင်းသန်း၊ မှတ်ပုံတင်အမှတ်[၉/ ခအဇ(နိုင်)၀၁၆၆၀၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

က. ည. န၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၈၀၅၃၂ အမျိုးအမည် SAN Ya ၁၁၀ အမျိုးအစား M/Cယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမြင့်သိန်း မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၃၀၆၇၄] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က. ည. န၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

စည်းကမ်းမဲ့ ကျောက်ထုတ်လုပ်မှုကြောင့် ရေထုညစ်ညမ်း

မူဆယ် မတ် ၁၈

မူဆယ် - နမ့်ခမ်း ပြည်ထောင်စုလမ်းမဘေး ဝဲ၊ ယာတစ်လျှောက် မြေဆီမြေနှစ် ကောင်းမွန်လှသဖြင့် စိုက်ပျိုးသီးနှံများ အရည်အသွေးကောင်းမွန်လျက် တစ်ဧက စပါးတင်း ၁၀၀ ကျော်ထွက်ရှိသည်မှာ ကြာခဲ့ပြီဖြစ်သည်။ စပါး၊ ပြောင်းပဲတောင့်ရှည်မျိုးများကို ရာသီအလိုက် သုံးသီးစား စိုက်ပျိုး၍ တစ်ဖက်နိုင်ငံသို့ မျက်နှာပန်းလှရောင်းနိုင်သော ရာသီသီးနှံများကို ပြည်ထောင်စုလမ်းမဘေး ဝဲ၊ ယာတစ်လျှောက်မြင်နိုင်ပေသည်။

မူဆယ်မြို့မှ ခြောက်မိုင်သာ ဝေးသော ပြည်ထောင်စုလမ်းပေါ်ရှိ နမ့်လောင်းကျေးရွာပြည်သူများ၏ စိုက်ပျိုးမြေဧက ၁၂၀ ကျော်အား အကျိုးပြုလျက် ကျေးရွာပြည်သူများ သုံးရေဖြစ်သော နမ့်လောင်းချောင်း အထက်(ချောင်းအညာ)တွင် စီးပွားရေးလုပ်ငန်းရှင်များက ကျောက်ထုတ်လုပ်လျက် မိုင်းခွဲပြီး ကျောက်မှုန့်များကို စည်းကမ်းမဲ့စွာ ချောင်းထဲတွင် ပစ်ခြင်း၊ စုပုံထားခြင်းတို့ကြောင့် ရေစီးနှင့်ပါလာသော အနည်ကျောက်မှုန့်များက စိုက်ပျိုးမြေလယ်တွင် တဖြည်းဖြည်းနေရာယူလာပြီး လယ်မြေကောလာသည်မှာ သုံးဧကကျော်ရှိနေပြီဖြစ်သည်။

ကျန်သော ဧက ၁၀၀ ကျော်ကိုလည်း တဖြည်းဖြည်းဖုံးလွှမ်းရန် ခြိမ်းခြောက်လျက်ရှိနေပေပြီ။ ရွာလမ်းဖြတ်စီးသောချောင်းရေမှာလည်း ရာသီမရွေးနောက်ကျိကာ လျှော်ဖွတ်၊ ချိုး၍ ပင်မရတော့ပေ။ ထို့ကြောင့် ကျေးရွာနေပြည်သူများ၏ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ရောဂါများဖြစ်ပွားလာနိုင်ကြောင်း၊ စည်းကမ်းမဲ့ကျောက်ထုတ်မှုကိုသိရှိနိုင်ပါရန် ကျေးရွာပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိုက်အောင်လှနှင့် ရပ်မိရပ်ဖ ဦးစိုင်းပန်းဆွဲ့တို့၏ ပြောပြချက်အရ သိရသည်။ **(အယ်လ်စိုး)**

မိရိုးဖလာရေအိုးများ အရောင်းတွင်ကျယ်

ရေတာရှည် မတ် ၁၈

မြို့ပြဒေသအနှံ့အပြားတွင် သောက်ရေသန့်အမျိုးစုံစွာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြသော်လည်း ကျေးလက်ဒေသအနှံ့အပြားတွင် မိရိုးဖလာရေအိုးများကိုသာ အဓိကသုံးစွဲလျက်ရှိကြောင်း သိရသည်။

ယခုလို ပူပြင်းလှသည့်နွေကာလတွင် ရေအိုးရောင်းချသူများသည် နွားလှည်းဖြင့် တစ်ရွာဝင်တစ်ရွာထွက်လှည့်လည်ရောင်းချလျက်ရှိပြီး အိုးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချသည်။ **(အပေါ်ပုံ)**ယင်းအိုးများအား သောက်ရေ၊ သုံးရေ မီးဖိုချောင်ချက်ပြုတ်မှုကိစ္စများတွင် အဓိကသုံးစွဲကြကာ လူအသွားအလာများသည့် လမ်းမကြီးများ၏အရိပ်အာဝါသကောင်းသောနေရာများ၌ သောက်သုံးနိုင်ရန် ရေချမ်းစင်အဖြစ် ပြုလုပ်ပေးကြသည်ကို တွေ့ရသည်။ **(၅၇၈)**

ချင်းပြည်နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလမ်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁၈

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ်အတွင်းရှိ ဟားခါး-ညောင်လွန်း ကတ္တရာလမ်းနှစ်မိုင်ခင်းခြင်းလုပ်ငန်းအား နိုင်မင်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိရာ**(ဝဲပုံ)** ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးလွင်နှင့်တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ခွင့်ပြုဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေးနှင့် ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ ရေရှည်အကျိုးအတွက် စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ကူးတို့ရေဆင်းတံတားကြောင့် ပြည်သူများ သွားလာရေးအဆင်ပြေ

ရန်ကုန် မတ် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကွမ်းခြံရပ်ကွက်နှင့် သဝန်းတောကျေးရွာသွားသော တွံတေးတူးမြောင်း တစ်ဖက်ကမ်းကူး ကူးတို့ဆိပ်နှစ်ခုအား သဝန်းတောကျေးရွာအုပ်ချုပ်ရေးမှူးဦးဆောင်၍ ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် ကျေးရွာနေပြည်သူများပူးပေါင်း၍ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါပြီးစီးသွားသည့်အတွက် ဤကူးတို့ဆိပ်ကို အားကိုးနေရသော ကျေးရွာ ၁၀ ရွာမှ ပြည်သူများမှာ နေ့စဉ်နှင့်အမျှ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ မြန်ဆန်လာစေကာ လုံခြုံချောမောစွာ သွားလာနိုင်ပြီဖြစ်သည်။

သဝန်းတောကျေးရွာမှ နေ့စဉ်ခရီးသွားပြည်သူတစ်ဦးက "ကျွန်တော် သဝန်းတောကျေးရွာမှာနေပါတယ်။ ကျွန်တော်နေ့စဉ် ဒီကူးတို့ဆိပ်ကိုပဲ အသုံးပြုပြီးသွားလာနေရပါတယ်။ ကျွန်တော်ကရွာမှာ ကုန်စုံဆိုင်ဖွင့်ထားပါတယ်။ ဈေးဝယ်ရင် တွံတေးဘက်ကမ်းကိုသွားပြီး ဈေးဝယ်ရပါတယ်။ ယခုလို ရေဆင်းတံတားကို ကွန်ကရစ်နဲ့ တံတားပုံစံဆောက်လုပ်ထားတဲ့အတွက် အတက်အဆင်းလွယ်ကူပါတယ်။ ယခင်ကဆိုရင် အတက်အဆင်းအတော်ခက်ပါတယ်။ ယခုလို နွေရာသီမှာဆိုပိုဆိုးတယ်။ တူးမြောင်းရေကကျသွားရင် ကူးတို့ဆိပ်နဲ့ စက်သမ္ဗန်က တော်တော်ဝေးသွားတယ်။ အခုတော့ ဒီအခက်အခဲတွေ မရှိတော့ဘူး။ အေးအေးချမ်းချမ်းအန္တရာယ်ကင်းစွာ သွားလာနိုင်ပြီ"ဟု ပြောကြားသည်။ တွံတေးတူးမြောင်း တစ်ဖက်ကမ်းကူး ဦးကြီးစိန်ကူးတို့ဆိပ် ရေဆင်းတံတား အတက်အဆင်း ကွန်ကရစ်တံတားမှာ အကျယ်ခြောက်ပေ၊ အရှည်ပေ ၈၀ ရှိကြောင်းသိရသည်။ **(အောက်ပုံ)** **(မျိုးလှိုင်)**

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော အိမ်ရာများနှင့် ဌာနမှယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား မူလနေထိုင်သူ၊ ကန်ထရိုက်တာထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးတင်မောင်ဝင်း(C-L-၀၃) တော်ဝင်မြန်မာဆောက်လုပ်ရေး(မှ) ဦးရင်မြင့်မောင် [၉/မရမ(နိုင်)၀၄၆၅၄၄] ဒေါ်ရင်မြင့်မော် [၉/မရမ(နိုင်)၀၅၃၇၇၉] ဒေါ်ရင်မြင့်လေး [၉/မရမ(နိုင်)၀၅၃၈၃၃] ဦးရင်မြင့်ဇော် [၉/မရမ(နိုင်)၀၅၈၄၉၄] ဒေါ်ရင်မြင့်ထွေး [၉/မရမ(နိုင်)၀၅၃၇၃၀] (မှ)	ဒေါ်သီတာလင်း [၁၂/ဗဟန(နိုင်)၀၈၆၉၈၀]	အမှတ်(၂၆၀/၂၆၂)၊ အခန်း(၁)မြေညီ၊ လမ်း(၄၀) ကျောက်တံတား
၂။	ဦးတင်မောင်ဝင်း(C-L-၀၃) တော်ဝင်မြန်မာဆောက်လုပ်ရေး(မှ) ဦးစိုးလှိုင် [၁၀/သထန(နိုင်)၀၉၉၄၆၅] (မှ)	ဒေါ်ဆွေဆွေဝင်း [၁၂/ကတတ(ပြု)၀၀၀၁၀၂]	အမှတ်(၁၀၈/၁၁၀)၊ အခန်း (၄လွှာ၊ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။
၃။	ဒေါ်မြင့်မြင့်ခင် [၁၂/မဂတ(နိုင်)၀၆၃၅၀၂] (မှ) ဒေါ်အေးအေးမော် (KLO-၀၇၅၇၉၁) (မှ)	ဒေါ်စန်းမြင့် [၁၂/ကမတ(နိုင်)၀၅၁၀၃၂] ဒေါ်ဝင်းနီလာ [၁၂/ကမတ(နိုင်)၀၀၁၈၉၉]	တိုက်ခန်းအမှတ်(၇-အေ)၊ တတိယထပ်၊ အနော်ရထာ အိမ်ရာ၊ ကမာရွတ်။
၄။	ကန်ထရိုက်တာဦးစံနီသွင် ဒေါ်လှမြင့် [၁၂/လမတ(နိုင်)၀၀၅၂၅၁] ပင်လုံထိပ်ထားဆောက်လုပ်ရေး(မှ) ဦးသက်နိုင်ဝင်း [၁၂/ကတတ(နိုင်)၀၂၂၂၉၃] (မှ)	ဒေါ်စန်းစန်းဝင်း [၁၂/သကတ(နိုင်)၀၃၃၁၄၄]	အမှတ်(၉၇/၁၀၃)၊ အခန်း (၈၀၈)၊ ၈လွှာ၊ အနော်ရထာ လမ်း၊ ပုဇွန်တောင်
၅။	ဦးလှခင်(မူလနေထိုင်သူ) (MDW-၂၄၇၄၅၅) (မှ) ဒိလ်မာမတ် (MDW-၀၃၇၇၈၁) (မှ)	ဒေါ်စန်းမြင့် [၁၂/ပဘတ(နိုင်)၀၀၀၈၃၆]	အမှတ်(၁၂၈/၁၃၀)၊ ပထမထပ် (ယာ)၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်
၆။	ကန်ထရိုက်တာဦးဘခင် [၁၂/မဂတ(နိုင်)၀၇၉၉၅၄](မှ) ဒေါ်ဟာလီမာဘီ [၁၂/ပဇတ(နိုင်)၀၁၆၁၁၆] (မှ)	ဦးမူဂူကား [၁၀/မလမ(နိုင်)၂၃၅၅၇၉]	အမှတ်(၁၂၀/၁၂၃)၊ ၇လွှာဘီ(ယာ)၊ ဗညားဒလ လမ်း၊ မင်္ဂလာတောင်ညွန့်
၇။	ဦးချစ်(မူလနေထိုင်သူ) [၁၂/လသန(ဧည့်)၀၀၁၁၇၆] (မှ)	ဦးဇော်ဝင်းသန်း(ခ)ယိုကင်ဝှက် [၁၂/လသန(နိုင်)၀၁၆၄၃၂]	အမှတ်(၁၁၀/၁၁၈)၊ အခန်း(၂)၊ မြေညီ၊ ၂၂လမ်း၊ လသာ။
၈။	ဦးစန်းမောင်(L-C-၁၁၃) [၁၂/ပဇတ(နိုင်)၀၁၂၅၉၄] (မှ)	ဦးထွန်းထွန်းဦး [၁၄/ပသန(နိုင်)၀၀၆၃၄၉]	အမှတ်(၁၁၀/၁၁၈)၊အခန်း (၇လွှာ)၊(ယာအစွန်)၊ ၂၂လမ်း၊ လသာ။
၉။	ကန်ထရိုက်တာဦးထူးအောင် (ဝင်းထူးအောင်ဆောက်လုပ်ရေး)(မှ)	ဦးမောင်အေး [၁၂/တတန(နိုင်)၀၀၃၇၈၆]	အမှတ်(၁၉)၊ အခန်း(၈/H) ၅၅လမ်း၊ ပုဇွန်တောင်
၁၀။	ဦးမျိုးသိန်း [၁၂/ပဘတ(နိုင်)၀၂၃၄၈၃] (မှ)	ဦးဝင်းမော်လွင် [၁၄/ပသန(နိုင်)၀၀၀၈၅၉]	အမှတ်(၁၇၃/၁၇၉)၊ အခန်း(၁၆)၊ ၃၈လမ်း၊ ကျောက်တံတား။
၁၁။	ဒေါ်ကေသီဝင်း [၁၂/ကမတ(နိုင်)၀၃၇၈၆၅] (မှ) ဦးဝင်းထွန်း [၇/ရတန(နိုင်)၀၁၅၈၃၃] (မှ)	ဒေါ်မေထူးအောင် [၇/ရတန(နိုင်)၁၀၄၀၇၄]	အမှတ်(၁၃)၊ အခန်း အမှတ်(၂၀)၊ ပြည်ရိပ်မွန် အိမ်ရာ၊ ကမာရွတ်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

MYANMAR THAMES INTERNATIONAL(MTI)
AutoCAD
2nd Fl. Myaynigone Plaza
501450, 706740, 525971,

အလှူခံများစေလွှတ်ခြင်းမရှိကြောင်း
နိုင်ငံတကာတွင်လည်းကောင်း၊ မြန်မာနိုင်ငံမည်သည့်အရပ်ဒေသများသို့လည်းကောင်း၊ မည်သည့်ပုဂ္ဂိုလ်မှ အလှူခံစေခြင်း၊ ကိုယ်စားစေလွှတ်ခြင်း မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။
ဦးပညာသီရိ (ပဓာန နာယကဆရာတော်)
တောင်ပုလု ပန်းယဉ်တို၊ ပဋိပတ္တိကျောင်းတိုက်
မင်းတပ်မြို့၊ ချင်းပြည်နယ်။ ဖုန်း - ၀၇၀-၇၀၀၁၃၆၊ ၀၉၆၆-၀၀၀၉၆

MANDALAR CHARM TRAVELS & TOURS
မလေးရှားခရီးစဉ်များ
၁။ ဒီနှစ်သင်္ကြန် လန်ကာဝီ သွားကြရအောင်၊
မလေးရှားနိုင်ငံ ရှိ အခွန်ကင်းအာရှတွင် အလှဆုံး duty fee လန်ကာဝီကျွန်းမှာ
အပန်းဖြေကြပါစို့။
Food Paradise အစားအစာ သုခတဲ့ ပီနန် မှာလည်း ၂ညအိပ်မယ်။
လန်ကာဝီက လေယာဉ်နဲ့ပြန်ပြီး ကွာလာလမ်ပူမှာ လည်ကြမယ်။ April 12-18
စုစုပေါင်း (၇ ဆိုန်း) Fully packaged tour
၂။ မလေးရှား၊ ကွာလာလမ်ပူ၊ တောင်စခန်းမြို့ Genting Highlands၊
ရှေးဟောင်းမြို့မလက္ကာ (မလက္ကာရေလက်ကြားမှာသင်္ဘောစီးမယ်အစီအစဉ်အပါ)၊
ပုံရိပ်မြို့ပူထရာဂျာယာကိုဘဲ အလည်အပတ်နဲ့ဈေးဝယ်ထွက်ကြမယ်။ April 12-17
(၆ ဆိုန်းခွဲ) ဂျူးသာလိုတော့သည်။
အထူးနှုန်း April 17-21 (၆ ဆိုန်း) ဦးစွာလှူရမည်။
၂၂၆၊ မြေညီထပ်၊ ၃၈လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁ - ၂၄၂၁၂၉ / ၀၁ - ၂၉၆၆၇၂

ခ ရု သင်း - အမြန်ပျောက်စေသည့်သောက်ဆေး/ရောင်ရမ်းနာနှင့်အထူးကုသည်။
သီးချို/သီးကြိုက်ရောင် - အထူးသောက်ဆေးလိမ်းနှင့်အပြီးကုသည်။
ဥက္ကံအားလျော့ တင်ပါး ရုတ်ရှည်ရှူး - အမြန်သက်သာပျောက်ကင်းအောင်ကုသည်။
ရေရှည်း၊ [ဘီ][စီ]အသည်းရောဂါ - အထူး(အမြန်)ပျောက်ကင်းအောင်ကုပေးသည်။
(ဖုန်းဆက်မှာကျင်အိမ် / နယ်အရောက် ဆေးပို့ပေးသည်)
ဝမ္ဗိရ ဆေးခန်း (ဘေဂျွနှင့်သယဓါဓီလမ်းဆုံမှတ်တိုင်ကြား)
ယ/၂၃၉ ဘောသီလမ်း မ/ဥက္ကလာ ရန်ကုန်။
☎ - ၀၁-၆၉၁၄၉၂၊ ၀၉-၅၀၁၀၁၉၆

Dream Paradise
သင်္ကြန်အဆင်မြင့် ခရီးစဉ်များ April 11,12
ပုဂံ/မွန်ဝိုင်း <5D-4N> <5D-4N> <4D-3N>
ရွှေစက်တော်-ပုဂံ <5D-4N>
အဆင့်မြင့် package
April March(20) Special Discount
09420002090,0973043408

ကမ္ဘာ့ကဗျာနေ့အခမ်းအနားနှင့်ကဗျာစာအုပ်မိတ်ဆက်ပွဲ
ကဗျာချစ်သူ-မည်သူမဆို ကြွရောက်ချီးမြှင့်ပါရန်-
ထွက်ပြီ
၁။ သဇ္ဈာနီရဲ့ရွှေခင်းများ
(ပထမဦးဆုံးကဗျာစီးရီးတွဲ)
၂။ သိန်းသန်းဦးရဲ့ ဒဏ်ရာရနေတဲ့အနမ်းများ
(အကျဉ်းထောင်ထဲမှကဗျာများ)
၃။ ယဉ်မင်းဦး(ဆေးတက္ကသိုလ်)ရဲ့ အဖြူရောင်ဗီတောက်ပျို(၃-အကြိမ်)
၂၁-၃-၂၀၁၃(ကြာသပတေးနေ့)၊ နေ့လည် ၁-နာရီမှ ၃-နာရီထိ၊
တော်ဝင်နှင်းဆီငြိမ်းချမ်းခန်းမ ရွှေဂုံတိုင်၊ ရန်ကုန်။
ဆက်သွယ်ရန်-ဖုန်း ၀၉ ၅၁၆၃၄၉၃၊ ၀၉ ၄၉၂၄၇၀၆၉၊

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B.) နှင့်သာဆက်သွယ်ပါ

01-394727,01-399426,09-73009994, 095152521

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"စင်သီယာအစောကြီးပြန်သွားတော့ ဒီကန်စောင်းမှာ ကိုယ်တစ်ယောက်တည်းရယ်" စင်သီယာက သူ့ကိုစိုက်ကြည့်ပြီး သက်ပြင်းလေးချရှာ၏။

"ယူ သိပ်ချွဲတာပဲ၊ ချွဲမှန်းသိပေမယ့် စင်သီယာစိတ်မကောင်းဘူး သိရဲ့လား၊ စင်သီယာကကော ပြန်ချင်မတဲ့လား၊ ယူ့ကြောင့် စင်သီယာ သိပ်ခက်တာပဲ "

စင်သီယာ့အသံလေးမှာ ဝမ်းနည်းသံပါနေသည်။ မျက်လုံးလေးများမှာလည်း မျက်ရည်တို့ ဝဲနေ၏။

"အလကားပြောတာပါ စင်သီယာရယ်၊ ကဲ. . . ပြန်ပါ၊ ကိုယ် အိပ်မက်ကောင်းကောင်းလေးမက်နေခဲ့မယ်"

စင်သီယာက သည်တော့မှ ပြန်ပြုံးပြီး လက်လှလှလေးတစ်ဖက်ကို လှုပ်ယမ်းပြနှုတ်ဆက်ပြီး အိမ်ဆီသို့ ဦးတည်ပြန်သွား၏။

ကန်စောင်းမှာ သူ ထိုင်ကျန်ရစ်သည်။

စင်သီယာပေးခဲ့သော စာအုပ်လေးများကို လက်ဝါးပေါ်တင်ပြီး ကြည့်မိသည်။

စင်သီယာ့ကိုယ်နှင့် ကပ်ထားဖူး၍လော၊ စင်သီယာ့လက်ကိုင်ပဝါလေးနှင့်ရောလျက် ကိုင်ထားမိ၍လော၊ ဒါမှမဟုတ် တမင်ပင် စင်သီယာက ရေမွှေးဆွတ်ပေးလိုက်၍လားမသိ၊ စာအုပ်လေးများက မွှေးကြိုင်နေသည်။ ဩော်. . . စင်သီယာနှင့်အတူ တွဲထိုင်နေရစဉ်မှာကဲ့သို့ပင် သူ့နှာဝတွင် သင်းသင်းလေး မွှေးကြိုင်နေသည်။

ကန်ရေပြင်မှ အသံမပြည်သော လှိုင်းတွန့်လေးများကို ငေးကြည့်နေမိသည်။

ဩော်. . . သူ့ရင်မှာလည်း လှိုင်းနှင့်၊ အသံမပြည်သော လှိုင်းလေးများနှင့်။

ယခုလည်း ဦးမြင့်နွယ်၏ရင်မှာ လှိုင်းနှင့်၊ အသံမပြည်သော လှိုင်းလေးများနှင့်။

ရှေ့မှ စုံတွဲက ထရပ်လိုက်ကြသည်။

ယောက်ျားပျိုလေးက ဆွဲထားသည်။ မိန်းမပျိုလေးကရုန်းပြီး နောက်ဆုတ်လိုက်၏။

"တော်ပြီကွယ် မိုးချုပ်ပြီ၊ ပြန်ကြစို့နော်"

မိန်းမပျိုလေး၏ အသံမှာ ဝမ်းနည်းသံနှင့် စိတ်ညစ်သံ ရောနေ၏။

ယောက်ျားပျိုလေး၏သဏ္ဌာန်မှာ အလျှော့ပေးသည့်ဟန် ပေါ်လာ၏။

နှစ်ဦးသားသည် ကိုယ်ချင်း မခွာ့တခွာနှင့် နေရာမှ ထွက်လာကြသည်။

ဦးမြင့်နွယ် အနီးမှပင် ဖြတ်လျှောက်သွားကြ၏။

ဩော် . . . ကိုယ်တို့တုန်းက အရွယ်လေးတွေ ပေပေင်တကား။

သည်အရွယ်လေးတွေက ခက်သည်။ ကိုယ်တို့တုန်းကလည်း ခက်သည်။ ဦးနှောက်ထက် နှလုံးသားကို ဦးစားပေးချင်ကြသည်။ သို့ကိုရည်၍ စာကလည်း အရှိသား။

"သွေးငင်ကြမ္မာ၊ ဝါသနာကြောင့်၊ ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊ ချစ်စထုံးနှောင်၊ ပျော်ရအောင်ဟု၊ သန်းခေါင်မဟူ၊အတူယှဉ်နွဲ၊ သန်လွဲမခန့်၊ မကြောက်ရွံ့ဘဲ၊ ဝေးခွန့်ခရီး၊ မြိုင်ကြီးတောချုံ၊ ဝါးရုံဝါးစေး၊ သစ်ကျားဘေးကို၊ မတွေးဆံဖျား၊ မလေးစားတည့်"

အင်း . . . ချစ်စထုံးနှောင် ပျော်ရအောင်ဟု။

သူ့ဘက်ကတစ်စ၊ ကိုယ့်ဘက်ကတစ်စ။ သံယောဇဉ်ချစ်ကြိုးလေးတွေ ထုံးစအခါတုန်းကတော့ မျှော်လင့်ချက်ကြီးနှင့်။

ပျော်ရအောင် ပျော်ကြရအောင်။

သည်လောကကြီးမှာ အသည်းနှလုံးအတွက် နေရာကကျဉ်းကျဉ်းလေးမှန်း သိလာကြသည့်အချိန်မှာတော့ ပျော်ကြရသေးလား၊ ပျော်နိုင်ကြပါသေးရဲ့လား။

အရှင်မဟာရဋ္ဌသာရ၏ စာမှာတော့ မပျော်ကြရပါ။

ကိုယ့်ဘဝမှာလည်း မပျော်ခဲ့ရပါ။

ဦးမြင့်နွယ်သည် သက်ပြင်းရှိုက်ပြီး ကားဆီသို့ တစ်လှမ်းချင်း လှမ်းလာခဲ့၏။

စိတ်ပညာဌာနရှိ မိမိစားပွဲတွင် ဦးမြင့်နွယ်သည် မှတ်စုများကို စစ်ဆေးကြည့်ရှုနေသည်။ လိုအပ်သည့်နေရာများတွင် အနီရောင် ဘောလ်ပင်ဖြင့် ဖြည့်စွက်ရေးခြစ်သည်။

မွန်ရည်ဖြူစင်ပြီး ခန့်ညားသော ပါမောက္ခက သူ့စားပွဲရှေ့ လာရပ်၏။

" ဩော် . . . ဆရာ ထိုင်ပါ "

" ကိစ္စမရှိပါဘူး ခဏပါ၊ ဒါထက် ခင်ဗျား ကလပ်စ်ရှိသေးလား "

ဦးမြင့်နွယ်က လက်ပတ်နာရီကို ကြည့်သည်။

"ပထမနှစ် မဟာဝိဇ္ဇာတန်းအတွက် ကျွန်တော်ပြင်ဆင်နေတာ၊ ဆယ့်ငါးမိနစ်လောက် လိုပါသေးတယ်၊ ကိစ္စရှိရင် အမိန့်ရှိပါ ဆရာ"

ပါမောက္ခက စားပွဲ၌ ဝင်ထိုင်သည်။

"ဝမ်းသာစရာ သတင်းပါ၊ ဝမ်းသာစရာဆိုတာ ကျွန်တော်တို့ ဌာနအတွက်ပါ၊ အဲ . . . ဆရာ့အတွက်တော့ ဘယ်လိုရှိမလဲ မသိဘူး "

"ဘာသတင်းများပါလဲ ဆရာ"

"ကျွန်တော်တို့ ဌာနအတွက် အမြဲတမ်း ကထိကရာထူးခန့်မိန့် ကျလာပြီ၊ ပါမောက္ခချုပ်က ခုလေးတွင်က ခေါ်ပြောတယ်၊ အင်တာဗျူးခေါ်ပြီး စစ်ဆေးရွေးချယ်ရေးလုပ်ငန်းပဲ ကျန်တော့တာပေါ့ "

"ဟာ . . . ဟုတ်လား၊ ဒီလိုဆိုရင် အောက်က ရာထူးတက်ရမယ့် လူငယ်တွေအတွက် ဝမ်းသာစရာပေါ့၊ အရည်အချင်း ပြည့်ပြီးသား လူငယ်တွေ ရှိနေသားပဲဟာ"

"ဟုတ်တယ် အဲဒါက ဝမ်းသာစရာပါပဲ၊ ဒါပေမယ့် ဆရာက ဒီရောက်မယ်မှ မကြာသေးဘူး၊ ရန်ကုန်ပြန်ရမလိုဖြစ်နေပြီ"

"ဒါကတော့ ပြည်သူ့ဝန်ထမ်းပဲ ဆရာရယ်၊ တာဝန်ပေးအပ်ရာ သွားရမှာပေါ့၊ ဆရာ့လက်အောက်မှာ အခု လုပ်ကိုင်နေရတုန်း စိတ်ချမ်းသာ လက်ချမ်းသာရှိရလို့ ဆရာနှင့်တကွ ဒီက စိတ်ပညာမိသားစုကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"ကျွန်တော်တို့ကလည်း ဆရာရောက်လာလို့ အားလုံးဝမ်းသာကြပါတယ်၊ ဒါထက် ဆရာ မန္တလေးမှာ ပျော်ရဲ့လား"

"မန္တလေး အထူးသဖြင့် မန္တလေးပတ်ဝန်းကျင်က တောတောင်ရေမြေတွေကို ကျွန်တော် နှစ်သက်ပါတယ်"

"ဆရာပျော်ရင် ဆရာဒီမှာ အမြဲတမ်းနေလိုက်ပေါ့၊ နောက်ခန့်တဲ့လူက ဆရာ့နေရာ ရန်ကုန်ကိုသွား၊ နှစ်ဦးသဘောတူလုပ်ရင်တော့ ရပါတယ်"

"ခက်တာက ဟိုက ပါမောက္ခက ဘာပြောဦးမလဲ မသိဘူး"

"အေးဗျ၊ သူကလည်း လူဟောင်းပဲ ပြန်ယူချင်ယူမပေါ့၊ အင်းလေ အချိန်တော့ လိုပါသေးတယ်၊ နီးတော့ စဉ်းစားကြတာပေါ့၊ ကျွန်တော်က ကျွန်တော့်သဘောထားကို ဆရာသိအောင် ပြောပြထားနှင့်တာပါ "

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ"

ပါမောက္ခက ပြန်ထွက်သွားသည်။

ဦးမြင့်နွယ်သည် ခေတ္တစဉ်းစားနေပြီးနောက် မှတ်စုများကို ပြန်ကိုင်သည်။

မဟာဝိဇ္ဇာတန်းကို သင်ကြားရသည်က တာဝန်ကြီးလှသည်။ အောက်တန်းများအတွက်ကိုမူ အထူးပြင်ဆင်ရန် မလိုဘဲ သိပြီးတတ်ပြီးသည်ကို အလွယ်ပို့ချလိုက်၍ရသည်။ မဟာဝိဇ္ဇာတန်းအတွက်ကား ကိုယ်ပိုင်အယူအဆ ပေးစွမ်းနိုင်ရန် အရေးကြီးသည်။ ထောင့်စုံစုံက ချဉ်းကပ်ပြီး ဝေဖန်ပြရေးလည်း လိုသည်။ ထို့ကြောင့် အမြဲတမ်းကြိုတင်ပြင်ဆင်ရသည်။

ဦးမြင့်နွယ် အာရုံစူးစိုက် လုပ်နေခိုက် ခတ်ခွဲခန်းမောင်စံကြူးက ကပ်လာပြန်၏။

" ဘာလဲဟေ့ မောင်စံကြူး "

" တယ်လီဖုန်းလာလို့ ဆရာ "

" ဩော် . . . အေး . . . အေး "

ဦးမြင့်နွယ်သည် ဌာနရုံးခန်းကို လိုက်လာခဲ့၏။

" ဟယ်လို မြင့်နွယ် ပြောနေပါတယ် "

"ဩော် . . . ဆရာလား၊ ကျွန်တော်ပါ. . . နေအောင် . . . ဦးနေအောင်၊ မွန်မွန်တို့ အဖေပါ"

"ဟုတ်ကဲ့ ဦးနေအောင် အမိန့်ရှိပါ"

"ဒီလိုပါ ဆရာ၊ ဆရာခွင့်ပြုရင် ဆရာနဲ့ ကျွန်တော်လာဆွေးနွေးချင်လို့ပါ "

"ဒီနေ့လား"

"ဟုတ်ကဲ့ ဆရာ၊ အားရင်ပေါ့၊ ညနေပိုင်းတော့ ဆရာလည်း ဂေါက်ကွင်းသွားဦးမယ်ထင်တယ်၊ ဂေါက်သမားချင်း ကိုယ်ချင်းစာတယ် ဆရာ"

"ဒီလိုဆိုရင် ကျွန်တော် အခုသင်တန်းတစ်ခု ရှိသေးတယ်၊ သုံးနာရီဆို အားပါပြီ၊ ဌာနကိုပဲ လာခဲ့တာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးပါပဲ ကျွန်တော်လာခဲ့ပါ့မယ်"

ဦးမြင့်နွယ်သည် တယ်လီဖုန်းကိုချပြီး မိမိအခန်းဆီပြန်လျှောက်လာရင်း စဉ်းစားသည်။

ဦးနေအောင်က ထူးထူးဆန်းဆန်း မိမိကို တွေ့ခွင့်တောင်းသည်။ ဟိုးတစ်နေ့ အိမ်မှာ တွေ့ခဲ့ကြပြီးနောက် မိမိတို့ ခင်မင်ခဲ့ကြပြီ။ ဂေါက်ကွင်းမှာလည်း မနေ့က ညနေကပင် ဆုံကြသေးသည်။

ယခု တယ်လီဖုန်းနှင့် တွေ့ခွင့်တောင်းပုံက အလုပ်သဘောဆန်နေသည်။ ဘာကိစ္စရှိ၍ပါနည်း။

အတန်းပြောင်း ခေါင်းလောင်းသံ ပေါ်လာသောကြောင့် ဦးမြင့်နွယ်သည် စာအုပ်၊ ဖိုင်တွဲနှင့် မှတ်စုများကိုယူကာ စိတ်ပညာခတ်ခွဲခန်းဆီ ထွက်လာခဲ့သည်။

မဟာဝိဇ္ဇာတန်းသားက ငါးဦးရှိသည်။

ဦးမြင့်နွယ်သည် စားပွဲတစ်လုံးတွင် သူတို့နှင့် ဝိုင်းထိုင်သည်။ ဆရာနှင့် တပည့် သင်ကြားသောပုံစံမျိုးထက် ဝိုင်းဝန်းဆွေးနွေးသောပုံစံကို သူအလိုရှိသည်။

"ဘယ့်နှယ်လဲ အတော်ဖတ်ကြပြီးပြီလား"

ကျောင်းသူနှစ်ဦးက ရယ်နေသော်လည်း ကျောင်းသားတစ်ဦးက အမှန်ဝန်ခံသည်။

"တော်တော်လည်း ဖတ်ပြီးပြီဆရာ၊ တော်တော်လည်း ခေါင်းထဲ ရှုပ်ကုန်ပြီ၊ ပါမောက္ခ ဖရွိုက်ကိုယ်တိုင်က တချို့သဘောတွေမှာ မရှင်းဘူး၊ သဘောတစ်ခုကို တစ်ခါတလေ သူက ကျယ်ကျယ်ပြန့်ပြန့် အနက်အဓိပ္ပာယ်နဲ့ သုံးတယ်၊ တစ်ခါတလေ နယ်ကျဉ်းကျဉ်းနဲ့ သုံးတယ်"

ကျောင်းသူတစ်ဦးကလည်း ဝင်ထောက်ခံ၏။

"ဟုတ်တယ် ဆရာ၊ အချက်အလက်နဲ့ သီအိုရီတွေက ရောနေတယ်၊ တစ်ခါတလေ ဝေါဟာရတစ်ခုကို သူက ရှင်းလင်းဖို့ သီအိုရီလို သုံးတယ်၊ တော်တော်ကြာတော့ ခိုင်မာတည်တံ့ပြီးတဲ့ အချက်အလက်လို သုံးပြန်ရော"

ဦးမြင့်နွယ်က သဘောကျဟန်ဖြင့် ရယ်၏။

"ခင်ဗျားတို့ထဲမှာ ကုခန်းစိတ်ပညာ အထူးပြုမယ့်လူ ဘယ်နှယောက်ပါသလဲ" **(ဆက်လက်ဖော်ပြပါမည်)**

> "ဒါကတော့ ပြည်သူ့ဝန်ထမ်းပဲ ဆရာရယ်၊ တာဝန်ပေးအပ်ရာ သွားရမှာပေါ့၊ ဆရာ့လက်အောက်မှာ အခု လုပ်ကိုင်နေရတုန်း စိတ်ချမ်းသာ လက်ချမ်းသာရှိရလို့ ဆရာနှင့်တကွ ဒီက စိတ်ပညာမိသားစုကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

OD TOUR
Since 1997
သင်္ကြန်တွင်း ခရီးစဉ်များအတွက် ကြိုတင်စာရင်း ပေးသွင်းနိုင်ပါပြီ။
ကိုရီးယား - Apr 11
ဗီယက်နမ် - Apr 11/13
စင်ကာပူ၊မလေးရှား- Apr 12
ပန်ကောက်၊ကမ္ဘောဒီးယား - Apr 13
ပန်ကောက်၊အယုဒ္ဓယ၊ဖူးခက် - Apr 13
ပန်ကောက်၊အယုဒ္ဓယ၊ပတ္တရား - Apr 12
ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို - Apr 11
ပုဂံ၊မန္တလေး - Apr 12
တောင်ကြီး၊မန္တလေး- Apr 12
ပုဂံ၊တောင်ကြီး - Apr 12/13
ပုဂံ၊ရွှေစက်တော် - Apr 12/13
အလောင်းတော်ကဿပ - Apr 12/13
မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ - Apr 12
မန္တလေး၊မူဆယ်၊ရွှေလီ၊မန်စီ - Apr 12/13
မန္တလေး၊ပြင်ဦးလွင်၊မင်းကွန်း - Apr 13/18
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ (သီဟိုဠ်ရှင်)- Apr 5/13/18
အင်းလေး၊တောင်ကြီး- Mar 28,Apr 5/12/13/18
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187
09-5108087, 09-5187045, 09-73022688

အမြန်အလိုရှိသည်
(၁) အမျိုးသမီးဝန်ထမ်း မ (၂၀) ဦး
(၂) စာပို့ဝန်ထမ်း ကျား (၃၀) ဦး
(၃) ယာဉ်မောင်း ကျား (၁၀) ဦး
ROYAL EXPRESS SERVICES LTD.
၁၀၄ / ၁၀၆၊ ရွှေညီထပ်၊ ဗိုလ်တထောင်မြို့နယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမ/ခာတ်ခွဲခန်းကျွမ်းကျင် (၃)ရာထူး ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စား လပေးမူလတန်းပြဆရာ၊ ဆရာမ/ခာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးများတွင် ခန့်ထားရန်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နေ့စား လပေးမူလတန်းပြ ဆရာ၊ ဆရာမများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

(ဂ) ခာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရသူဖြစ်ရမည်။

(ဃ) လျှောက်ထားသူများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(င) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ပထမဆင့်အနေဖြင့် နေ့စား လပေးအဖြစ် ခန့်ထားမည်ဖြစ်ပြီး တာဝန်ကျသည့်ဒေသတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ်ခန့်အပ်မည် ဖြစ်သည်။

(စ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ(၃၀)ရက်နောက်ဆုံးထားတင်ပြရမည်။

(ဆ) နေ့စား၊ လပေးမူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် လျှောက်ထားသူများသည် နိုင်ငံတော်မှ ဒေသစရိတ်ခံစားခွင့်ရှိသောမြို့နယ်၊ မြို့နယ်ခွဲ(၁၀၉)ခုမှဖြစ်ပါက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများလည်း လျှောက်ထားခွင့်ပြုမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတ ဆိုင်ရာ(၁)နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ခာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ-----------

လက်မှတ် -------------

အမည် --------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့လက်မှတ်မိတ္တူများပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ ရုံးများတွင် နေ့စား လပေး အထွေထွေလုပ်သား ရာထူးနေရာခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့်ကိုက်ညီသူ (အမျိုးသား)များ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူဖြစ်ရမည်။ (ခန့်ထားခံရသူများသည် မူလတန်းစာပေးစာယူ သင်တန်းသို့ တက်ရောက်ရမည်။)

(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် အသက်(၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။

(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ(၁၀း၀၀)နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည် ဖြစ်ပါသည်။

၃။ မိမိနှင့်သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင် ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး (အမျိုးသားများသာ) ခန့်ထားရေးအတွက်ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
----
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ-----------

လက်မှတ် --------------

အမည် ----------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး
အငယ်တန်းစာရေးရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများအတွက် နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူ(အမျိုးသား၊ အမျိုးသမီး)များ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဖြစ်ရမည်။

(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင်လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်ပါရှိရမည်။လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ဇွန်လ(၃၀)ရက် နောက်ဆုံးထား၍တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ(၁၀း၀၀)နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက်နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------

လက်မှတ် --------------

အမည် ---------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး ဝန်ထမ်းများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ ရုံးများရှိ အောက်ဖော်ပြပါ ရာထူးနေရာများခန့်ထားရန်အတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်-

(က) စာကူးစက်လှည့်အကူ - ကျား (င) သန့်ရှင်းရေးအကူ - ကျား/မ

(ခ) စက်မောင်း ၅ - ကျား (စ) အစောင့်(ကျောင်း/ရုံး) - ကျား

(ဂ) လုပ်သားသိပ္ပံခန်း - ကျား/မ (ဆ) လုပ်သား (ဥယျာဉ်) - ကျား

(ဃ) ကျောင်း/ရုံးအကူ - ကျား/မ

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃)ရက်နေ့တွင် အသက် (၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။

၃။ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၉)ရက် နံနက်(၀၉း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည် ဖြစ်ပါသည်။

၄။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျစေဘဲ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေးဝန်ထမ်း ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

[စာကူးစက်လှည့်အကူ၊ စက်မောင်း(၅)၊ လုပ်သားသိပ္ပံခန်း၊ ကျောင်း/ရုံးအကူ၊ သန့်ရှင်းရေးအကူ၊ အစောင့်(ကျောင်း/ရုံး)၊ လုပ်သား(ဥယျာဉ်)]

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ လျှောက်ထားသည့်ဦးစားပေးရာထူး

(က) ------------------ (ခ) ------------------
(ဂ) ------------------ (ဃ) ------------------
(င) ------------------ (စ) ------------------
(ဆ) ------------------

၁၂။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၃။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ-----------

လက်မှတ် -------------

အမည် --------------

"၂၀၁၂-၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုနေသော ကျောင်းသား/သူများအတွက် ဆုမွန်ကောင်း"

တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို အခက်အခဲမရှိဘဲ လွယ်ကူချောမွေ့စွာဖြေဆိုနိုင်ပြီး မိမိတို့ရည်မှန်းထားသည့်အတိုင်း ဂုဏ်ထူးများစွာဖြင့် အောင်မြင်ကြပါစေကြောင်း

SR Education Group မှ ဆုတောင်းမေတ္တာများပို့သလိုက်ပါတယ်။

ကမ္ဘာ့တက္ကသိုလ်ကြီးများမှ ဘွဲ့ကိုပြည်တွင်းတွင် သင်ကြားပေးနေသော

SR INTERNATIONAL COLLEGE
STUDY CENTRE FOR HIGHER EDUCATION

MWEA Tower, Room No-104, 1st Floor,
Shwe Dagon Pagoda Rd, Dagon Township, Yagon.
www.facebook.com/SRInternationalCollege

01 374747, 374748, 09 450063108, 450063109

တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ပေးမယ့် နိုင်ငံတကာ ပညာရေးဝန်ဆောင်မှု ကုမ္ပဏီ

SR WORLDWIDE EDUCATION
STUDENT ADVISORY & STUDY TOUR SERVICES

Building (20/B), Room (101), 1st Floor,
Yaw Min Gyi St, Dagon Township, Yangon.
www.facebook.com/srworldwideeducation

01 246188, 387022, 09 5428848, 5438848

တိုက်နှင့်ခြံကျယ်ကျယ်ရောင်းမည်

မရမ်းကုန်း၊ အမှတ်(၅)ရပ်ကွက်၊ အမည်ပေါက်မြေပိုင်မြေ ပေ(၁၆၀×၁၀၀)ကျယ်၊ RC တစ်ထပ်တိုက် ပေ(၂၇×၃၆)ပါ လုပ်ငန်းသုံး၊ ပါဝါမီတာ၊ စက်ရေတွင်း၊ ဖုန်းပါ၊ (ညီနိုင်းဈေး) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဖုန်း-၀၉-၈၃၀၀၇၃၂၊ ၃၈၉၆၀၆

ကျေးဇူးဆပ်မည်

ဒေါ်ကေသီကျော် အမည်ပေါက် ၆က/၄၇၄၁ ကားစာရွက်စာတမ်းများ လိုင်းနံပါတ်(၂၂၆) ဘတ်စ်ကားပေါ်မေ့ကျန်ပျောက်ဆုံးနေသည်။ ပြန်ပေးနိုင်သူအား ကျေးဇူးဆပ်မည်။

ဖုန်း-၀၉-၄၄၈၀၀၂၉၂၅၊ ၀၁-၅၃၅၄၈၅

မွေးနေ့ဆုတောင်း

ကိုထွန်းလင်းဝင်း B.E(Civil)

ပြင်ဦးလွင်၊ ဘန့်ဘွေး

ဖေကြီး၊ မေကြီးနဲ့ မိသားစုအားလုံး တစ်အားချစ်ရတဲ့ သားချစ်လေး ၁၉-၃-၂၀၁၃မှ ကျတဲ့မွေးနေ့မှ နောက်နှစ်ပေါင်းများစွာလူ့ပို့ကြီးဘဝနှင့် ဘာသာသာသနာအကျိုးတွေ၊ လူမှုရေး လုပ်ငန်းတွေဆက်လုပ်နိုင်ပါစေ၊ သားရဲ့ဖြူစင်သန့်ရှင်းအေးချမ်းတဲ့စိတ်ဓာတ်အားလုံးအပေါ် အနစ်နာခံပြီး စေတနာမေတ္တာအပြည့်နဲ့ ကူညီစိတ်ကြောင့် သားချစ်လေး ရာသက်တိုင် အေးချမ်းပြည့်စုံပါစေ။ **ဖေကြီး၊ မေကြီး၊ ၅၆/၄နဝဒေး၊ လှိုင်သာယာ**

မောင်လေး၊ ကိုကြီး၊ ဖေဖေထွန်း မွေးနေ့ပေါင်းများစွာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ ပျော်ရွှင်နိုင်ပါစေ။ မိုး၊ ငု၊ တောက်တောက်၊ ပဲပဲ၊ သဲသဲ၊ သူရိန်၊ လင်းမြတ်

မွေးနေ့ဆုမွန်လွှာ

ချစ်မေကြီး ဒေါ်ခင်ငွေး

ယနေ့ကျရောက်သောမွေးနေ့မှစပြီး နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိပါစေ။
အခက်ခဲမှန်သမျှ ကျော်လွှားနိုင်ပါစေ။
အမြဲထာဝစဉ် ပြုံးပျော်နိုင်စေ။
ကံတရားရဲ့စိန်ခေါ်မှုတွေကိုလည်း သမီးနဲ့တူလက်တွဲပြီး
အောင်မြင်စွာ ကျော်လွှားနိုင်ပါစေ။
ချစ်မေမွေးနေ့မှာ ပျော်ရွှင်ပါစေ။

ချစ်သမီး-နေခြည်ထွေး(ခ)ခြည်ခြည်

ဆရာကြီးဒေါက်တာမင်းသိခ်၏ ပညာအမွေလက်ဆင့်ကမ်းပွဲ

ဇော်သဗျာကရဏဗေဒပညာရှင်များ၏ ပညာဒါန အမှတ်စဉ်-၂၃/၂၀၁၃

ဇော်သဗျာကရဏဗေဒပညာရှင်များ၏ ပညာဒါနအမှတ်စဉ်၂၃/၂၀၁၃ကို ၂၅-၃-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ဆရာမဒေါက်တာစောယုနွယ်၏ သာယာရွှေပြည်ဟိုန်းဓာတ်ခန်း၊ အမှတ် ၂၀၅(က)ပိတောက်(၅)လမ်း၊ မြို့သစ်(၇)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၃၀၃၀တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ အောက်ပါနေရာများတွင် ဓာတ်ပုံ(၂)ပုံနှင့်အတူ စာရင်းပေးသွင်းနိုင်ပါသည်။ နံနက်၁၀နာရီမှ မွန်းလွဲ ၃နာရီတွင် ပေးသွင်းနိုင်ပါသည်။

(၁) သာယာရွှေပြည်ဟိုန်းဓာတ်ခန်း၊ အမှတ်-၂၀၅(က)၊ ပိတောက် ၅လမ်း၊ အင်းစိန်
(၂) ဘုန်းရောင်ဂျာနယ်တိုက်၊ တိုက်-၂၇အခန်း-၁၂၊ ၅၂လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၂၅၀၀
(၃) ရောင်ပြန်မဂ္ဂဇင်းတိုက်-အမှတ်-၂၁၂၊ ပထမထပ်၊ ၃၆လမ်း၊ (အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၂၁၀၀-၅၉၂၅

ဇော်သဗျာကရဏဗေဒဆရာ/မများ

အ.ထ.က (၃)မြောက်ဒဂုံ'အာစရိယပူဇော်ပွဲ' ဖိတ်ကြားလွှာ

၁၉၉၀-၂၀၁၂ခုနှစ် ကျောင်းသား/သူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၇.၃.၂၀၁၃ (တပေါင်းလဆန်း)ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီတွင် ကျောင်း၀န်းအတွင်းတွင်ကျင်းပမည်ဖြစ်ပါ၍ အလှူငွေများနှင့်လှူဖွယ်ပစ္စည်းများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် Account No.0691220006569-KBZ (တောင်ဥက္ကလာပဘဏ်ခွဲ) များတွင်လည်း လှူဒါန်းနိုင်ပါသည်။

ဦးရဲခေါင်လတ် - ၀၉၇၃၁၇၅၂၃၁	ကိုမင်းညွန့်မော် - ၀၉၇၃၂၄၆၅၁၄
မခိုင်ဇာသဘင်း - ၀၉၄၂၀၁၆၃၈၈၄	ကိုစံရွှေမြင့် - ၀၉၇၃၁၈၆၇၁၄
မနန်းကြည်လှိုင် - ၀၉၇၃၁၀၉၁၅၀	ကိုချမ်းမင်းဟန် - ၀၉၇၃၀၇၄၃၆၂
ကိုတင်ထွန်းနိုင် - ၀၉၇၃၀၆၃၈၄၆	ကိုရန်ပိုင်စိုး - ၀၉၅၀၈၉၀၁၅
မမျမ်းမြတ်သွင် - ၀၉၅၅၀၂၁၅၂	ကိုထွန်းအောင်မြတ် - ၀၉၄၂၁၁၃၃၄၄၆
ကိုချိုမင်းသန့် - ၀၉၅၀၅၁၆၂	

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

ပြည်တွင်း၌သာ ခန့်ထားရန်

Star Way Co., Ltd. ၏ နိုင်ငံတကာအဆင့်မှီ (FMCG) ကုန်ပစ္စည်း ဖြန့်ဖြူးရောင်းချမှုအား ...

(၁) Sales Executive ကျား (၂)ဦး
(၂) Supervisor ကျား (၅)ဦး
(၃) Senior Sales Representative ကျား (၁၀)ဦး
(၄) Sales Representative ကျား (၅၂)ဦး

(၁) Sales Executive ရာထူးအတွက်
(၂) Supervisor ရာထူးအတွက်
(၃) Senior Sales Representative ရာထူးအတွက်
(၄) Sales Representative ရာထူးအတွက်

... English နှင့် Computer ... (Passport) ...

K မင်းပုည

မ-ဆ-လခေတ်နိုင်ငံ့ခေါင်းဆောင်ကြီးများ

လုပ်ကြံမှု-စီရင်ချက်

နိုင်ဖင်စိုးစာပေ-အမှတ်(၂၁၇)၊၃၂လမ်း(ထက်)၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။ ✆ ၀၁-၃၈၅၅၁၀ **ထွက်ပြီ**

